# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၃၅)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ၂၂-၄-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

သတင်း စာမျက်နှာ » ၄

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူး H.E. Mr. Xu Qin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညှိနှိုင်းဆောင်တော်၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ☆

**“ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ လူငယ်ကဏ္ဍနှင့် ပညာရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး ”**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး H.E. Mr. Xu Qin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာအညွှန်း


လူးကပ်စ်ဘာဂ်ပေးလ်အား ခေါ်ယူရန် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ အပြိုင်စိတ်ဝင်စား

စာမျက်နှာ ၁၁

နွေအပူ၊ တည်ငြိမ်လျှပ်စစ်နှင့် စက်သုံးဆီမီးဘေးအန္တရာယ်(ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၂၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ ဧပြီ ၂၂ ရက် ၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# အပူဒဏ်အန္တရာယ်သတိပြု လိုက်နာရမည်

မြန်မာတို့၏ ၁၂ လရာသီကာလအားဖြင့် ကဆုန်၊ နယုန်ရာသီကာလသည် မနေနိုင်လောက်အောင် ပူပြင်းလှသဖြင့် ကဆုန်-နယုန်ဆွေ့ဆွေ့ခုန်ဟု ပြောစမှတ်ထားကြသည်။ မြန်မာပြည်ရာသီဥတုအနေဖြင့် မတ်လ၊ ဧပြီလနှင့် မေလတို့သည် ပူပြင်းသောနွေရာသီကာလများဖြစ်သည်။ နွေရာသီကာလတွင် ထူးခြားသည့်အပူဒဏ်ကြောင့် နောက်ဆက်တွဲအကျိုးဆက်များကို သတိပြုရမည်ဖြစ်သည်။ ယခုနှစ် နွေရာသီကာလတွင် နေ့အပူချိန်သည် တစ်နေ့တခြား ပိုမိုပူပြင်းလာသည့် သဘောများရှိနေနိုင်သည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနကလည်း ယခုရက်ပိုင်းကာလများအတွင်း အပူချိန် အနည်းငယ်မျှမြင့်တက်လာမှုကို ပြည်သူများသို့ အသိပေးထုတ် ပြန်ပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များ ထုတ်ပြန်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် အပူချိန်မြင့်မားလာမှုကြောင့် အပူလျှပ်ခြင်းအန္တရာယ်ကို အထူးသတိပြု သိရှိထားရမည်ဖြစ်သည်။ ပြင်ပအပူချိန်မြင့်တက်လာသောအခါတွင် ပတ်ဝန်းကျင်ရှိ ရေနှင့်အရာဝတ္ထုများပါ ပူပြင်းလာသည်ကို တွေ့ရမည်ဖြစ်သည်။ အလားတူ ခန္ဓာကိုယ်အပူချိန်ပါ မြင့်မားလာသည်။ ထို့ကြောင့် အပူချိန်မြင့်မားနေသော နေ့လယ်နေ့ခင်းအချိန်များတွင် အကာအကွယ်မပါဘဲ ပြင်ပသို့ထွက်ခြင်းကို ရှောင်ရှားပြီး အရိပ်အာဝါသအောက်တွင်သာ နေထိုင်ကြရန်လိုအပ်သည်။ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ် သတိပြုလိုက်နာ သွားလာနေထိုင်ရမည်ဖြစ်သည်။

အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သော အန္တရာယ်များတွင် အပူလျှပ်ခြင်းသည် အစိုးရိမ်ရဆုံးအခြေအနေဖြစ်သည်။ အပူချိန်မြင့်မားမှုဒဏ်ကို ခံစားရသောကြောင့် ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားများကို ထိခိုက်ပျက်စီးစေနိုင်ပြီး အချိန်မီကုသရန် နှောင့်နှေးနေပါက ထိခိုက်ပျက်စီးနိုင်ခြေ မြင့်မားပြီး အသက်အန္တရာယ် ထိခိုက်သည်အထိ စိုးရိမ်ဖွယ်ရာ ဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် အပူနှင့်အအေးကွာခြားချက်မြင့်မားသွားစေနိုင်သည့် အခြေအနေကို အထူးသတိပြုရမည်ဖြစ်သည်။ ပူသောအခြေအနေမှ အေးသည့်အခြေအနေသို့ ရုတ်တရက်ကူးပြောင်းခြင်း၊ အေးသည့်အခြေအနေမှ ပူသောအခြေအနေသို့ ရုတ်တရက်ကူးပြောင်းသည့်အခါ Heat Stroke ဟုခေါ်သည့် အပူလျှပ်ခြင်း၊ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်း၊ အသက်သေဆုံးခြင်းအထိ ဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ပူပြင်းသော ယခုလိုရာသီကာလများတွင် အသက်အရွယ်ကြီးရင့်သူများနှင့် ရောဂါအခံရှိသူများအနေဖြင့် အရိပ်ထဲတွင်သာ နေထိုင်သင့်ပါသည်။ နွေရာသီကာလ ရေချိုးလျှင် နံနက်စောစောတွင်သာ ရေချိုးသင့်ပြီး နေ့လယ်ပိုင်းနှင့် ညနေပိုင်းတွင် ရေချိုးခြင်းမပြုလုပ်သင့်ပေ။ ရေမချိုးမီ ရေအေးတစ်ဖန်ခွက် သောက် ပြီးမှ ရေချိုးသင့်သည်။ ရေချိုးလျှင် ဦးခေါင်းမှစ၍ ရေမလောင်းဘဲ ခြေထောက်အဖျားမှ အထက်သို့ တဖြည်းဖြည်း ရေလောင်းပြီးမှ ရေချိုးသင့်သည်။ ရေချိုးပြီးလျှင် အဝတ်အစားမဝတ်ဘဲ ကြာရှည်စွာ မနေသင့်ပေ။ ရေချိုးပြီးလျှင် နွေးထွေးစွာနေသင့်သည်။ နွေရာသီတွင် ထူထဲသော အဝတ်အစားများကို ရှောင်ရှားပြီး ပေါ့ပေါ့ပါးပါးအဝတ်အစားများကို ဝတ်ဆင်သင့်သည်။ နေပူထဲမှပြန်လာပြီး ရေခဲရေသောက်ခြင်းကို ရှောင်ရှားသင့်သည်။ သို့ဖြစ်ရာ အပူဒဏ်အန္တရာယ်သည် လူတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်သည့်အပြင် အသက်အန္တရာယ်ပါဖြစ်နိုင်သဖြင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်များ၊ သတိပြုရမည့်အချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ရေနည်းမည့် သတိပေးချက်ထုတ်ပြန်

နေပြည်တော် ဧပြီ ၂၁

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်သည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၂၁

ယနေ့ မွန်းလွဲ ၃ နာရီ ၁၂ မိနစ် ၅၅ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် ၂၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းပြင်းမြို့၏ အရှေ့တောင်ဘက် ၁၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၂၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဧပြီ ၂၁

ယနေ့နံနက် ၆ နာရီ ၅၉ မိနစ် ၃၀ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ မြောက်ဘက် ၃၆ မိုင်ခန့်ကွာဝေးသော (Myanmar-India Border Region)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ပမာဏ ၅ ဒသမ ၁ (M)အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၂၁ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၅၀၀ | ၁၃,၀၀၀ | ၁၂၅ | ၁,၅၆၅,၀၀၀ |
| MTSH | ၆,၁၀၀ | ၆,၁၀၀ | ၅,၃၅၃ | ၃၂,၆၅၃,၃၀၀ |
| MCB | ၉,၃၀၀ | ၉,၃၀၀ | ၀ | ၀ |
| FPB | ၄,၀၀၀ | ၃,၉၅၀ | ၃,၈၄၀ | ၁၅,၁၈၅,၀၀၀ |
| TMH | ၃,၁၅၀ | ၃,၂၅၀ | ၁၅ | ၄၇,၇၅၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၂,၃၁၅ | ၄,၄၀၁,၀၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၂၅ | ၁၀၀,၀၀၀ |
| MAEX | ၃,၉၀၀ | ၃,၉၅၀ | ၄,၁၃၀ | ၁၆,၂၀၇,၄၀၀ |
| MADPL(PLB) | ၃,၃၅၀ | ၃,၃၅၀ | ၁၀၀ | ၃၃၅,၀၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၂၆၃ | ၁၀,၁၂၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

## နွေစပါးစိုက်ပျိုးဧက ၁၁၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

**မိတ္ထီလာ ဧပြီ ၂၁**

မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ခုနှစ်တွင် နွေစပါးစိုက်ပျိုးဧက ၁၁၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မြို့နယ်အတွင်း ဆည်ရေကန်ရေများဖြင့် နွေစပါးစိုက်ပျိုးဧက ၁၀၉၀ စိုက်ပျိုးရန် သတ်မှတ်လျာထားခဲ့သည်။ ၎င်းနွေစပါးသတ်မှတ်လျာထားချက်ပြည့်မီရေး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသခံနွေစပါးစိုက်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေစပါးနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေဖူလုံစေရေးတို့အတွက် ဦးစီးဌာန၏ ထိန်းသိမ်းမှုအောက်ရှိ အစိုးရထိန်းဆည်၊ ကန်၊ တမံများမှ လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်ရေနှင့် အစိုးရထိန်း ဆည်၊ ကန် ရေတို့ဖြင့် နွေစပါးစိုက်ဧက ၁၁၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၄၆၉)

## အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်အတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး ဧပြီ ၂၁**

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှု မီးလန့်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ဧပြီ ၂၀ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုပိုင်၊ ဦးစီးသနွေမီးသတ်တပ်ဖွဲ့ဝင် ၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အောင်မြေသာစံရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းတင်၊ ဦးစီးရာအိမ်မှူး ၅ ဦး စုစုပေါင်း ၂၀ ဦးတို့ပူးပေါင်း၍ အောင်မြေသာစံရပ်ကွက်၊ အကွက်(၁၁၅)ရှိ အိမ်ခြေ ၂၀၀ လုံး၊ အိမ်ထောင်စု ၂၅၀ စု၊ လူဦးရေ ၉၀၀ ဦးအား မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးသတိပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ 191 Report Application အား ပြည်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးခြင်းနှင့် အသုံးပြုပုံတို့အား ရှင်းလင်းပြောပြခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါဆောင်ရွက်မှုနေမှုကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးနှင့် အဖွဲ့က လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီ အတွင်းရေးမှူး H.E. Mr. Xu Qin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှည်ကြာကောင်းမွန်ခဲ့ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ အေးအတူ ပူအမျှ အသိုက်အဝန်း တည်ဆောက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဟေလုံကျန်းပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ခဲ့မှုအခြေအနေများ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ လူငယ်ကဏ္ဍနှင့် ပညာရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး နှစ်နိုင်ငံအကြား လယ်ယာထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးနည်းပညာများ တိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီ အတွင်းရေးမှူး H.E. Mr. Xu Qin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သည့်အခြေအနေများ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက်စေရေး မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တရုတ်နိုင်ငံ ဟာဘင်းမြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့တို့ကို ညီအစ်မမြို့များအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ်တို့အကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာကော်မတီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**☆ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး နှစ်နိုင်ငံအကြား လယ်ယာထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးနည်းပညာများတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတိုးတက်စေရေး မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တရုတ်နိုင်ငံ ဟာဘင်းမြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့တို့ကို ညီအစ်မမြို့များအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်မှု အခြေအနေများ ရင်းရင်းနှီးနှီး ဆွေးနွေး**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်မောင်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တို့ တက်ရောက်ကြသည်။

### တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့ အစိုးရအဖွဲ့၏ ပထမဆုံး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ကျင်းပ ပြုလုပ်စဉ် မိမိအနေဖြင့် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု ဆောင်ရွက်ရာတွင် PDF အမည်ခံ အကြမ်းဖက်သမား များနှင့်ပတ်သက်သည့် အပိုင်းနှင့် EAO များနှင့် ပတ်သက်သည့်အပိုင်းဟူ၍ နှစ်ပိုင်းရှိကြောင်း။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါအချိန်တွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင် ရွက်မှုမရှိခဲ့ခြင်းကြောင့် တပ်မတော်က ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော် တာဝန်ထမ်းဆောင်ခဲ့ရမှုအပေါ် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပေါ်ပေါက်လာခဲ့ ခြင်းဖြစ်ကြောင်း၊ တပ်မတော်က နိုင်ငံတော်တာဝန် များကို စတင်ထမ်းဆောင်ချိန်တွင် ၎င်းတို့အနေဖြင့် ဆူပူဆန္ဒပြမှုများသာ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်း တွင် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ သွေးထိုး လှုံ့ဆော်မှုများကြောင့် ၎င်းတို့အနေဖြင့် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းမှုမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ် ကို ရွေးချယ်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း။

- EAO အဖွဲ့များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များရှိသကဲ့သို့ လက်မှတ်ရေးထိုး ခြင်း မပြုရသေးသည့် အဖွဲ့များလည်းရှိ
- ပြီးခဲ့သည့်ကာလများအတွင်း မိမိတို့နှင့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ခဲ့ပြီး နှစ်ဖက်သဘောတူညီချက်များရရှိခဲ့၊ အဆိုပါသဘောတူညီချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ထည့်သွင်းဆွေးနွေး အတည်ပြုဆောင်ရွက်သွားမည်
- အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးလိုသည် များရှိပြီး အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ ၎င်းတို့၏အကျိုးအတွက် လက်နက်ကိုင်၍ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရှိရ

ထိုသို့အကြမ်းဖက်လမ်းစဉ်ကို လျှောက်လှမ်း ခဲ့ခြင်းမှာ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်း အားနည်းမှုနှင့်ပြည်တွင်းပြည်ပ မှ လှုံ့ဆော်သွေးထိုးမှုများကို တွန်းလှန်နိုင်သည့် အသိအမြင်အားနည်းမှုများကြောင့် ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ပွဲလန့်တုန်းဖျာခင်းလိုသည့် အချို့ သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နယ်မြေများသို့ရောက်ရှိကြပြီး ပြည်ပမှထောက်ပံ့မှု များဖြင့် အကြမ်းဖက်သင်တန်းများတက်ရောက်ခြင်း၊ လက်နက်ခဲယမ်းများဝယ်ယူခြင်း၊ အကြမ်းဖက် လုပ်ရပ်များလုပ်ဆောင်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြ ခြင်းဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမား များအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အချို့ သော နယ်မြေဒေသများတွင် အဖျက်အမှောင့်လုပ်ရပ် များကို ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် နောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် နိုင်ငံတော်၏ သဘောထားနှင့် တပ်မတော်၏သဘောထားအမှန် များကို နားလည်သဘောပေါက်လာကာ ဥပဒေဘောင် အတွင်းသို့ တဖြည်းဖြည်းဖြင့် ဝင်ရောက်လာခဲ့ကြ သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံ ဒီမိုကရေစီစနစ်နှင့်အညီ ဆက်လက်လျှောက်လှမ်း လျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ် အေးချမ်းရေးအတွက် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများအား ငြိမ်းချမ်းရေးလမ်းကြောင်း ပေါ်သို့ ပါဝင်လာရေး ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ EAO အဖွဲ့များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့ များရှိသကဲ့သို့ လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် အဖွဲ့များလည်းရှိကြောင်း၊ ပြီးခဲ့သည့်ကာလများ အတွင်း မိမိတို့နှင့် အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက် ခဲ့ပြီး နှစ်ဖက်သဘောတူညီချက်များ ရရှိခဲ့ကြောင်း၊ အဆိုပါသဘောတူညီချက်များကို ပြည်ထောင်စု လွှတ်တော်တွင် ထည့်သွင်းဆွေးနွေး အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးလိုသည်များရှိပြီး အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ ၎င်းတို့၏အကျိုးအတွက် လက်နက်ကိုင်၍ ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

### နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့်စွမ်းအားများမြှင့်တင်

တစ်ဆက်တည်းတွင် လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည် နှင့်စွမ်းအား မြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလုံခြုံရေးနှင့် ပတ်သက် ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ရှိသော်လည်း မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် အခြေအနေအရ တပ်မတော်အနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပါဝင်ဖြေရှင်း ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများတွင်လည်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို တပ်မတော်က ဖြေရှင်းဆောင်ရွက် သည်ကိုတွေ့ရှိနိုင်ကြောင်း။

ရဲတပ်ဖွဲ့တွင် နယ်မြေထိန်းသိမ်းသည့်ရဲတပ်ဖွဲ့ (Armed Force Police) နှင့် ဥပဒေစည်းကမ်းပိုင်း ဆိုင်ရာ ထိန်းသိမ်းသည့်ရဲတပ်ဖွဲ့ (Law Force Police) ဟူ၍ နှစ်မျိုးရှိကြောင်း၊ လွန်ခဲ့သည့်ငါးနှစ်တာကာလ အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့် ပဋိပက္ခနှိမ်နင်းရေးလုပ်ငန်း များ ဆောင်ရွက်ရာတွင် အောင်မြင်မှုများစွာ ရရှိခဲ့ သည်ကို တွေ့မြင်ရကြောင်း၊ စနစ်တကျလေ့ကျင့် ဆောင်ရွက်ပေးသွားမည်ဆိုပါက ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းပကားများ ယခုထက်ပိုမို တိုးတက်လာမည်ဖြစ် ကြောင်း၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ အင်အားတည်ဆောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

ယခု မိမိတို့တာဝန်ထမ်းဆောင်ချိန် ငါးနှစ်တာ ကာလအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည် နှင့်စွမ်းအားများ မြှင့်တင်ပေးသွားရန်လိုကြောင်း၊ စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ကောင်းမွန် သည့်အကျင့် (Good Practice) များရှိအောင်လေ့ကျင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သွားလာနေထိုင်မှု နှင့် ဝတ်စားဆင်ယင်မှုများ စည်းကမ်းများကောင်းမွန် ရန်နှင့် အဂတိတရားကင်းရှင်းမှုများရှိအောင် ဆောင် ရွက်ပေးရမည်ဖြစ်ကြောင်း။ စာမျက်နှာ ၅ သို့

❐ စာမျက်နှာ ၂၄ မှ

(ခ) NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှစ်ဖက်သဘောတူညီထားသည့် သဘောတူညီချက်များအတိုင်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ကြပါရန်။

(ဂ) NCA လက်မှတ်ရေးထိုးထားပြီး အကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှ သွေဖည်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြင့် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းအဖြေရှာနိုင်ရေးအတွက် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှု (Political Dialogue)များ ပြန်လည်လုပ်ဆောင်ပါရန်။

(ဃ) ယနေ့မှစ၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်အတွင်း ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို အသိအမှတ်ပြုလျက် ဆွေးနွေးပွဲများဆောင်ရွက်သွားရန်။

၃။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးဆန္ဒကိုရှေးရှုပြီး နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်နှင့် ထိရောက်သောငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ Stakeholder များမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ

# မိမိတို့နိုင်ငံအနေဖြင့်လည်း ပြည်တွင်းလောင်စာဆီအခက်အခဲ၊ အကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်လောင်စာဆီနှင့်သွင်းအားစုများရရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုတင်စုဆောင်းဖြည့်တင်းထားရှိရန်လို

☆ စာမျက်နှာ ၄ မှ

**စွမ်းရည်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့များဖြစ်အောင် စနစ်တကျလေ့ကျင့်ဆောင်ရွက်**

အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်သူများနှင့် အမိကထိတွေ့ဆောင်ရွက်လျက်ရှိသည့် ရပ်ကွက်ကျေးရွာအဆင့်၊ မြို့နယ်အဆင့်များ၌ တာဝန်ယူထားရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတော်ကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ အုပ်ချုပ်ရေးအခြေခံသဘောတရားများကို သိရှိနားလည်သော စွမ်းရည်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်ကြရန်လိုကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အဂတိများကင်းရှင်းရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့်အုပ်ချုပ်ရေးအဖွဲ့များဖြစ်အောင် စနစ်တကျလေ့ကျင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အာဆီယံနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု မိမိသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်က မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားထားပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်ပါအချက်များတွင်ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များနှင့် အခြားအချက်များကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုကွန်ရက်တွင် ဖော်ပြထားသည့် မှားယွင်းသော သတင်းအချက်အလက်များကိုအခြေခံပြီး မိမိတို့အပေါ် ဖိအားပေးလုပ်ဆောင်နေခြင်းများလည်းရှိကြောင်း၊ အချို့အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပြင်ဆင်လိုကြသည်များလည်းရှိကြောင်း၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြ**

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက အာဆီယံဘုံသဘောတူညီချက်(၅)ရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ အာဆီယံအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်လျက်ရှိမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့် သဘောထားအမြင်များ ပြောင်းလဲထားရှိလာမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အရည်အချင်းရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်ပေါ်လာစေရေး၊ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ကောင်းမွန်စေရေးတို့အတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးသွားရန် လိုအပ်မှုတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်သမ္မတ၏ ဖိတ်ခေါ်ထားရှိမှုနှင့်ပတ်သက်၍ လွှတ်တော်စင်မြင့်တွင် ထည့်သွင်းဆွေးနွေးသွားမည့် အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် အားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် အာဆီယံ လွှတ်တော်အချင်းချင်း တွေ့ဆုံဆွေးနွေးဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက နယ်မြေဒေသအလိုက် စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည့်အခြေအနေများ၊ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင်များ အနေဖြင့် ဥပဒေဘောင်အတွင်းသို့ စဉ်ဆက်မပြတ် ဝင်ရောက်လာနေမှုအခြေအနေများ၊ နယ်မြေဒေသအလိုက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများအား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်မှုကာလ ပြည့်မြောက်ခဲ့သူများအား တိုင်းစစ်ဌာနချုပ်များအလိုက် ဂုဏ်ပြုပေးခဲ့သည့် အခြေအနေများကိုလည်းကောင်း။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းအောင်က ပြည်သူ့စစ်မှုထမ်းသင်တန်းများအား စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက အချို့သော အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအပေါ် အပြုသဘောဆောင်သည့် ရှုမြင်သုံးသပ်ချက်များအား တွေ့မြင်ရရှိလာမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အကြံပြုတင်ပြချက်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေက မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း အမှုအခင်းများဖြစ်ပွားခဲ့မှုနှင့် ယခင်ကာလတူ နှိုင်းယှဉ်သုံးသပ်တင်ပြချက်များ၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေဒေသလုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ တိုးတက်ဖွဲ့စည်းနိုင်ခဲ့မှု၊ မူးယစ်ဆေးဝါးများ စိစစ်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့မှု၊ ရပ်ကွက်၊ ကျေးရွာများအလိုက်အုပ်ချုပ်ရေးမှူးများ၏ စွမ်းဆောင်ရည်များ တိုးတက်လာစေရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အချို့သောနယ်မြေဒေသများ၌ ယာယီနေရပ်စွန့်ခွာနေရသူများအား ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် ယာယီခိုလှုံရေးစခန်းများအား အပြီးတိုင် ပိတ်သိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော် မီးခိုးမြူငွေ့ပပျောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများ၏ရှေ့မှောက်၌ အဆင့်မီမီကျင်းပနိုင်ခဲ့ပြီး ပေါ်ထွက်လာခဲ့သည့် ဒီမိုကရေစီအစိုးရတစ်ရပ်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများနှင့် ပဋိပက္ခများကြောင့် နောက်ဆက်တွဲအနေဖြင့် နိုင်ငံတကာတွင် လောင်စာဆီအခက်အခဲများ ကြုံတွေ့ရလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ပြည်တွင်းလောင်စာဆီအခက်အခဲ၊ အကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လောင်စာဆီနှင့်သွင်းအားစုများရရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုတင်စုဆောင်းဖြည့်တင်းထားရှိရန် လိုကြောင်း။

ယခင်နှစ်များအတွင်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် ဖိဖိစီးစီးကိုင်တွယ်ဖြေရှင်း တိုက်ဖျက်သွားကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍လည်း အဓိကထုတ်လုပ်နေသည့်နေရာများကို ဖော်ထုတ်ရှင်းလင်း တိုက်ဖျက်သွားနိုင်ရန်လိုကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်ဟုဖော်ပြပါရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံခြားရေးမူဝါဒ အဓိပ္ပာယ်ဖော်ပြချက်များကို တိတိကျကျသိရှိနားလည်ထားကြရန်နှင့် ၎င်းအပေါ်တွင်ရပ်တည်၍ ဆက်ဆံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများနှင့်ပတ်သက်၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ဆက်စပ်လျက်ရှိပြီး အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားမှသာလျှင် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရောထွေးမှုမရှိစေရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ကွဲပြားစွာသိရှိထားကြရန်လိုကြောင်း မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

> ✥ နယ်စပ်ဒေသများနှင့်ပတ်သက်၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဆက်စပ်လျက်ရှိပြီး အရေးကြီးသည့်ကိစ္စရပ်တစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားမှသာလျှင် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း အထောက်အကူဖြစ်စေနိုင်မည်
>
> ✥ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရောထွေးမှုမရှိစေရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ကွဲပြားစွာသိရှိထားကြရန်လို

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကဏ္ဍစီမံကိန်းများ၊ ဒေသန္တရစီမံကိန်းများသည် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့် စီမံကိန်းများဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေအရ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများတွင် ဆောက်လုပ်ရေးလုပ်ငန်း ၁၃၉၅ခု တန်ဖိုးငွေကျပ် ၂၁၀ ဒသမ ၆၄၄ဘီလီယံ၊ စက်ပစ္စည်း ၄၉၄ခု တန်ဖိုးငွေကျပ် ၂၂ ဒသမ ၁၄၃ဘီလီယံ နှင့် အခြားလုပ်ငန်း ၉၀ ခု တန်ဖိုးငွေကျပ် ၉ ဒသမ ၇၀၉ ဘီလီယံ စုစုပေါင်းလုပ်ငန်း ၁၉၇၉ ခုကို စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၂ ဒသမ ၄၉၆ ဘီလီယံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စုစုပေါင်း GDP တန်ဖိုးငွေကျပ်သန်းပေါင်း ၁၈၉၂၇၃၁၄ ဒသမ ၇ ရရှိရန်နှင့် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရရှိရန် မျှော်မှန်းထားသည့်အတွက် ပြဋ္ဌာန်းလိုက်သည့် စီမံကိန်းဥပဒေပါ ကဏ္ဍအလိုက်၊ ဒေသအလိုက်စီမံကိန်းများကို ရည်မှန်းချက်များ ပြည့်မီအောင် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်၊ ဒေသအတွင်း ထင်သာ မြင်သာဖြစ်စေမည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဘဏ္ဍာရေးဆိုင်ရာညွှန်ကြားချက်များ၊ အခါအားလျော်စွာ ညွှန်ကြားထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းငွေးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင်ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခိုင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ ဥက္ကဋ္ဌများထံ ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကဏ္ဍများအလိုက် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**














## ရုရှားပြည်ထဲရေးဝန်ကြီး ဗလာဒီမာကိုလိုကော့လ်ဆက်ဗ် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးရန် ပြုံယမ်းသို့ ရောက်ရှိ



မော်စကို မေ ၂၁

ရုရှားပြည်ထဲရေးဝန်ကြီး ဗလာဒီမာကိုလိုကော့လ်ဆက်ဗ်သည် မဟာမိတ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန်အတွက် မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာသည်ဟု ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အီရီနာဗော့လ်ခ်က အတည်ပြုပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရုရှားနှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ထည့်သွင်းစဉ်းစား ဆွေးနွေးသွားမည်ဟုလည်း ဗော့လ်ခ်က တယ်လီဂရမ်လူမှုကွန်ရက်တွင် ရေးသားလွှင့်တင်ထားသည်။

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့တော်သို့ ထိုသို့ရောက်ရှိလာသည့် ဝန်ကြီးအား လာရောက်ကြိုဆိုနေသည့် ဓာတ်ပုံများကိုလည်း တယ်လီဂရမ်တွင် ဖော်ပြထားကြောင်း သိရသည်။ **Mon**




## ကမ္ဘာတစ်ဝန်းမှ ပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူ ခြောက်ဦးအား ၂၀၂၆ ခုနှစ်အတွက် ဂိုးလ်မန်းပတ်ဝန်းကျင်ဆိုင်ရာဆုပေးအပ်ချီးမြှင့်

ဝါရှင်တန် မေ ၂၁

ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကယ်တင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ကမ္ဘာတစ်ဝန်းမှ အခြေခံလူတန်းစား သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူ ခြောက်ဦးအား ယခုနှစ်အတွက် ဂိုးလ်မန်းပတ်ဝန်းကျင်ဆိုင်ရာဆုကို ချီးမြှင့်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အလှူရှင်များဖြစ်ကြသည့် ရစ်ချက်နှင့် ရိုဒါဂိုးလ်မန်းတို့က ၁၉၈၉ ခုနှစ်တွင် အဆိုပါဆုကို စတင်တည်ထောင်ခဲ့ပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် ဆုရရှိသူအားလုံးမှာ အမျိုးသမီးများသာဖြစ်ကြပြီး ၎င်းတို့မှာ နိုင်ဂျီးရီးယားနိုင်ငံမှ အီရိုရိုတန်ရှီ၊ တောင်ကိုရီးယားနိုင်ငံမှ ဘိုရင်ကင်၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံမှ ဆာရာဖင့်ချ်၊ ပါပူအာနယူးဂီနီနိုင်ငံမှ သီယိုနီလာရိကာမတ်ဘော့၊ အမေရိကန်ပြည်ထောင်စုမှ အလန်နာအာဆက်ဟာလီနှင့် ကိုလံဘီယာနိုင်ငံမှ ယူဗဲလစ်မိုရေးလပ်စ်ဘာလန်ကိုတို့ ဖြစ်ကြသည်။

အစိမ်းရောင်နိုဘယ်ဆုဟု တင်စားခေါ်ဝေါ်လေ့ရှိသော ဂိုးလ်မန်းဆုအတွက် ကမ္ဘာ့အဓိကဒေသကြီးခြောက်ခုမှ ဆုရရှိသူများကို ရွေးချယ်ခြင်းဖြစ်ပြီး ၎င်းတို့သည် ဆုကြေးငွေအဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ စီ ရရှိကြသည်။

စစ်မှန်သော တက်ကြွလှုပ်ရှားသူများကို မိမိတို့ပတ်ဝန်းကျင်၌ တွေ့ရှိနိုင်သည်မှာ ထင်ရှားကြောင်း ဂိုးလ်မန်းပတ်ဝန်းကျင်ဆိုင်ရာ ဖောင်ဒေးရှင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂျွန်ဂိုးလ်မန်းက ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



STOP AIDS

## လာမည့်အပတ်အတွင်း အင်အားပြင်းထန်သော ငလျင်ကြီးတစ်ခု ထပ်မံလှုပ်နိုင်ခြေ မြင့်မားနေသည်ဟု တာဝန်ရှိသူများ သတိပေးထား

တိုကျို မေ ၂၁

ဂျပန်နိုင်ငံ အရှေ့မြောက်ဘက်ကမ်းလွန်ပင်လယ်ပြင်တွင် ပမာဏ ၇ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခဲ့ပြီးနောက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခြင်းနှင့် အမြင့် ၃ မီတာ (၁၀ ပေ) ရှိသော ဆူနာမီလှိုင်းသတိပေးချက်များ ထွက်ပေါ်လာခဲ့ရာ လာမည့်အပတ်အတွင်း အင်အားပြင်းထန်သော ငလျင်ကြီးတစ်ခု ထပ်မံလှုပ်နိုင်ခြေ မြင့်မားနေသည်ဟု တာဝန်ရှိသူများက သတိပေးထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မြို့တော် တိုကျို၏ မြောက်ဘက် ၅၃၀ ကီလိုမီတာ (၃၃၀ မိုင်) အကွာရှိ အီဝါတေးစီရင်စုကမ်းလွန်ပင်လယ်ပြင်တွင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ကမ်းရိုးတန်းဒေသရှိ လူပေါင်းထောင်ချီကို ကုန်းမြင့်ပိုင်းများသို့ ရွှေ့ပြောင်းကြရန် ညွှန်ကြားထားသည်။

အမြင့်ဆုံး ဆူနာမီလှိုင်းအဖြစ် ၈၀ စင်တီမီတာအထိ တိုင်းတာရရှိခဲ့သော်လည်း ယမန်နေ့က ငလျင်လှုပ်ခတ်ပြီး နာရီအနည်းငယ်အကြာတွင် ဆူနာမီဆိုင်ရာ သတိပေးချက်နှင့် အကြံပြုချက်များကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

သို့ရာတွင် လာမည့်အပတ်အတွင်း ပိုမိုပြင်းထန်သော တုန်ခါမှုများဖြစ်ပေါ်စေသည့် ငလျင်များ ထပ်မံလှုပ်ခတ်နိုင်ပြီး ကြီးမားသောလှိုင်းတံပိုးများ ဖြစ်ပေါ်လာနိုင်သည်ဟု ဂျပန်မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။ **Mon**






## တရုတ်နှင့် လာအိုအကြား အကြီးဆုံးလျှပ်စစ်ဓာတ်အားလိုင်း ကွန်ရက်ချိတ်ဆက်မှုစီမံကိန်းကို အောင်မြင်စွာစတင်လည်ပတ်

ပေကျင်း မေ ၂၁

တရုတ်နှင့် လာအိုနှစ်နိုင်ငံအကြား အကြီးဆုံးနှင့် ဗို့အားအမြင့်ဆုံး လျှပ်စစ်ဓာတ်အားလိုင်းစီမံကိန်းဖြစ်သည့် ၅၀၀ ကီလိုဗို့အားရှိ တရုတ်-လာအို လျှပ်စစ်ဓာတ်အား ကွန်ရက်ချိတ်ဆက်မှုစီမံကိန်းကို ယမန်နေ့က အောင်မြင်စွာ စတင်လည်ပတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါစီမံကိန်းသည် နှစ်နိုင်ငံအကြား လျှပ်စစ်ဓာတ်အားပေးပို့နိုင်စွမ်းကို ကီလိုဝပ် ၅၀၀၀၀ မှ ၁ ဒသမ ၅ သန်းအထိ တိုးမြှင့်ပေးခဲ့ပြီး တစ်နှစ်လျှင် သန့်စင်သော လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၃ ဘီလီယံခန့် ပေးပို့နိုင်မည်ဖြစ်ရာ ယခင်ဓာတ်အားလိုင်းထက် အဆ ၃၀ ခန့် ပိုမိုများပြားမည်ဟု ဆိုသည်။

တရုတ်တောင်ပိုင်း လျှပ်စစ်ဓာတ်အားကွန်ရက်နှင့် လာအိုလျှပ်စစ်ဓာတ်အား ပေးပို့ရေးကုမ္ပဏီတို့ ပူးပေါင်းရင်းနှီးမြှုပ်နှံထားသည့် ယခုစီမံကိန်းသည် ယူနန်ပြည်နယ်ရှိ စစ်ဆောင်ပန္နားဒိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် လာအိုနိုင်ငံရှိ အူဒွန်ဖိုင်းနှင့် လောင်နမ်သာပြည်နယ်တို့ကို ချိတ်ဆက်ထားသည်။

ဓာတ်အားလိုင်း၏ အရှည်မှာ ၁၇၇ ဒသမ ၅ ကီလိုမီတာရှိပြီး တရုတ်နိုင်ငံအတွင်း ၁၄၅ ကီလိုမီတာနှင့် လာအိုနိုင်ငံအတွင်း ၃၂ ဒသမ ၅ ကီလိုမီတာ ပါဝင်ကြောင်း သိရသည်။ **Mon**

## ခိုးယူခံရသည့် ဒေတာအချက်အလက်များရရှိရန် ဂျပန်နိုင်ငံမှ နည်းပညာကုမ္ပဏီများ ငွေပေးခဲ့ရ

တိုကျို မေ ၂၁

ဂျပန်နိုင်ငံတွင်ပြုလုပ်သည့် ပုဂ္ဂလိကကဏ္ဍ စစ်တမ်းတစ်ခုအရ ဂျပန်နိုင်ငံရှိ နည်းပညာကုမ္ပဏီ ၂၀၀ ကျော်သည် ဆိုက်ဘာ တိုက်ခိုက်မှုများကြောင့် ပေါက်ကြားခဲ့သည့်အချက်အလက်များကို ပြန်လည်ရယူရန် ဟက်ကာများကို ငွေပေးချေခဲ့ကြောင်း တွေ့ရှိခဲ့သည်။

ဂျပန်ဒစ်ဂျစ်တယ် စီးပွားရေးမြှင့်တင်ရေး အင်စတီကျူသည် ဇန်နဝါရီလတွင် ဆိုင်ဘာတိုက်ခိုက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ စစ်တမ်းတစ်ခုပြုလုပ်ခဲ့ရာတွင် ကုမ္ပဏီ ၁၁၀၇ ခုမှ တုံ့ပြန်မှုများ ရရှိခဲ့သည်။

ဒေတာ အချက်အလက်များကို ပြန်လည်ရယူရန် ငွေပေးချေမှုများသည် ဒေတာအချက်အလက်များကို အပြည့်အဝပြန်လည်ရရှိမည်ဟု အာမမခံနိုင်ကြောင်းနှင့် ယင်းကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ရာဇဝတ်ဂိုဏ်းများကို အားပေးရာရောက်ကြောင်း ကိုဘေးတက္ကသိုလ် ဆိုက်ဘာလုံခြုံရေးပညာရှင် ပါမောက္ခမိုရီ မာဆာကာဆုက ပြောကြားသည်။ နည်းပညာ လုပ်ငန်းများအနေဖြင့် ဆိုင်ဘာတိုက်ခိုက်မှု မခံရစေရေးအတွက် အစီအမံများ ဆောင်ရွက်ထားသင့်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ



## ဂျွန်တာနက်စ်ကို အမှုဆောင်အရာရှိချုပ်သစ်အဖြစ် အက်ပဲလ်ကုမ္ပဏီက အမည်စာရင်း တင်သွင်းလိုက်ပြီ

ဝါရှင်တန် မေ ၂၁

နည်းပညာထိပ်သီးကုမ္ပဏီကြီးကို ၁၅ နှစ်ကြာ ဦးဆောင်ခဲ့သည့် တင်မ်ကွတ်ခ်ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ရာ ၎င်း၏နေရာတွင် အစားထိုးရန် ဂျွန်တာနက်စ်ကို အမှုဆောင်အရာရှိချုပ်သစ်အဖြစ် အက်ပဲလ်ကုမ္ပဏီက အမည်စာရင်းတင်သွင်းလိုက်ကြောင်း သိရသည်။

အက်ပဲလ်ကုမ္ပဏီတွင် ၂၅ နှစ်ကြာ လုပ်ကိုင်ခဲ့ပြီး လက်ရှိတွင် ဟာ့ဒ်ဝဲအင်ဂျင်နီယာဌာန အကြီးအကဲအဖြစ် တာဝန်ယူထားသည့် တာနက်စ်သည် စက်တင်ဘာ ၁ ရက်တွင် ရာထူးကို စတင်လွှဲပြောင်းယူမည်ဖြစ်ပြီး တင်မ်ကွတ်ခ်မှာ အမှုဆောင်ဥက္ကဋ္ဌအဖြစ် တာဝန်ပြောင်းလဲထမ်းဆောင်မည်ဖြစ်သည်။

အက်ပဲလ်ကုမ္ပဏီကို ပူးတွဲတည်ထောင်သူ စတိဗ်ဂျော့စ်သည် ကွယ်လွန်ခါနီးအချိန်တွင် ကျန်းမာရေးအခြေအနေကြောင့် ရာထူးမှနုတ်ထွက်ခဲ့ပြီးနောက် တင်မ်ကွတ်ခ်သည် ၂၀၁၁ ခုနှစ်မှစတင်ကာ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူခဲ့ခြင်းဖြစ်သည်။

တင်မ်ကွတ်ခ်သည် ရာထူးလွှဲပြောင်းရေးလုပ်ငန်းစဉ်များတွင် တာနက်စ်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် နွေရာသီကာလအထိ အမှုဆောင်အရာရှိချုပ်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး ထိုကာလနောက်ပိုင်းတွင် ကမ္ဘာတစ်ဝန်းရှိ မူဝါဒချမှတ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းအပါအဝင် ကုမ္ပဏီ၏ အချို့သောကဏ္ဍများတွင် ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၂၁

"နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးခဲ့သော ပြည်သူ့စစ်မှုထမ်းများကို သင်တန်းအမှတ်စဉ်များအလိုက် ခေါ်ယူလေ့ကျင့်ပေးပြီး တပ်ရင်း/ တပ်ဖွဲ့အသီးသီး၌ တာဝန်ထမ်းဆောင်စေလျက်ရှိသည်။

ထိုသို့ တပ်ရင်း/တပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများကို သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ အခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းပေးအပ်ခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ် အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊



တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်လာခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများတွင်လည်း ၎င်းတို့၏ အောင်မြင်စွာနှင့် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာဂုဏ်ယူမဆုံးဖြင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုပန်းခြင်းများ၊ အောင်သပြေပန်းခက်များ၊ အိုးစည်ဒိုးပတ်များဖြင့် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ဂုဏ်ပြုကြိုဆိုခဲ့ကြသည်ကို တွေ့မြင်ခဲ့ရသည်။ တာဝန်ပြီးမြောက်၍ မိသားစုများထံသို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုများအနေဖြင့် တပ်မတော်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံဆည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့် ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာ ကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရမှုတို့နှင့် ၎င်းတို့၏ အိမ်ပြန်ခရီးကြိုဆိုမှုမြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်း စစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အပြင် စစ်မှုထမ်းကာလပြီးမြောက်ပါက အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒပြုသည့် အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသားငါးဦးအား အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ရုရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

ဆက်လက်ပြီး တရုတ်နိုင်ငံသားနှစ်ဦးအား ပြည်ဝင်ခွင့် ဗီဇာစည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ ဧပြီ ၁၂ ရက်တွင်လည်းကောင်း၊ တရုတ်နိုင်ငံသားနှစ်ဦးအား မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် ဧပြီ ၁၅ ရက်တွင်



လည်းကောင်း၊ တရုတ်(တိုင်ပေ) မှ တစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်ပတ်သက်၍ ဧပြီ ၁၅ ရက်တွင်လည်းကောင်း၊ ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တရားစွဲဆို အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ၎င်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၂၁ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မှဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားကာ အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | ကြာမြင့်ချိန် |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက် ရပ်တန့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာတို့ ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ အထက်တန်းငွေကျပ် ၄၈၀၀၀ နှင့် ပထမတန်းငွေကျပ် ၃၄၀၀၀ တို့ဖြစ်သည်။

ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တစ်လျှောက် အမှတ်(၃၁) အဆန်/ အမှတ်(၃၂) အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | ကြာမြင့်ချိန် |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |

ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | ကြာမြင့်ချိန် |
| ၁ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |
| ၂ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားများနှင့်ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင်ပြေးဆွဲနေသော အမှတ်(၃၁) အဆန်/အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား online Railways Ticketing and payment (ORTP) System ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များတိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ လမ်းလယ်ကျွန်းတွင် မြေယာရှုခင်းများ အလှဆင်စိုက်ပျိုးလျက်ရှိ



**မန္တလေး ဧပြီ ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်သန့်ရှင်းရမည်၊ သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည်ဟူသော ရည်ရွယ်ချက်နှင့်အညီ ဌာနများအလိုက် ဆောင်ရွက်လျက်ရှိရာ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနသည် မန္တလေးမြို့တော်မဟာသင်္ကြန်ကာလတွင် ကျုံးပတ်လည် လမ်းလယ်ကျွန်းများ၌ ပျက်စီးသွားခဲ့သော မြေယာရှုခင်းများအား မြန်မာနှစ်ဆန်းတစ်ရက်နေ့မှ စတင်ကာ မြေယာရှုခင်းအလှဆင်ခြင်း လုပ်ငန်းများကို နေ့ရော၊ ညပါ အင်တိုက်၊ အားတိုက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ယနေ့ညပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ ရောက်ရှိ စစ်ဆေးရာ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများက မြေယာရှုခင်းအလှဆင်ခြင်းလုပ်ငန်းများ အနီးကပ်ကြီးကြပ်ပြီး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။**(အပေါ်ဓာတ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ခြင်းတောင်းရက်လုပ်ငန်းနည်းသင်တန်းအခမဲ့ဖွင့်

**ကျောက်ဆည် ဧပြီ ၂၁**

နွေရာသီအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစေရေး ကျောက်ဆည်ခရိုင်လူထုအခြေပြုဇာတ်ဌာန၌ ဧပြီ ၂၁ ရက် နံနက် ၉ နာရီက ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ခြင်းတောင်းရက်လုပ်နည်းသင်တန်း(အခမဲ့)ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းက အချိန်ကိုအကျိုးရှိစွာ အသုံးချသည့်အနေဖြင့် လွယ်ကူပြီး အရင်းအနှီးနည်းနည်းဖြင့် အကျိုးအမြတ်များများရနိုင်သည့် ခြင်းတောင်းရက်လုပ်နည်းပညာသင်တန်းသင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းမှ သင်ပေးလိုက်သည့်ပညာများဖြင့် မိသားစုအပိုဝင်ငွေရရှိအောင် ကြိုးစားသွားကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကို နည်းပြဆရာမဒေါ်အိအိစိုးက ခြင်းတောင်းပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သင်ကြားပြသပေးခဲ့ရာ သင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဧပြီ ၂၁ ရက်မှ ဧပြီ ၂၃ ရက်အထိ ၃ ရက်ကြာ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

## မီးဘေးကြိုတင်ကာကွယ်နိုင်စေရန် ကွင်းဆင်းစစ်ဆေး



**မန္တလေး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်အတွင်းရှိ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း 191 report application အသုံးပြုခြင်း၊ ရှင်းပြပေးခြင်းများကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင် ဦးဆောင်၍ သန္တေငါဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ ပေါင်း ၂၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများပူးပေါင်း၍ မြို့နယ်အတွင်း မီးလန့်မှု၊ မီးလောင်မှုများမဖြစ်ပွားစေရေးအတွက် စိန်ပန်းရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် 191 Report application ကို ပြည်သူများအသုံးပြုရေး ကွင်းဆင်းထည့်သွင်းပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ဓဝံ)

**အောင်ဇော်မင်း**



## မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် သစ်ကိုင်းကျိုးကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နောင်ချို ဧပြီ ၂၁**

ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ ဘူတာရပ်ကွက်၊ ယာယီဈေးတန်းအနီး၌ မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ဧပြီ ၁၉ ရက် မွန်းလွဲ ၂ နာရီက လုံးပတ် တစ်ပေခွဲ၊ အမြင့် ၁၀ ပေခန့်ရှိ ညောင်ကိုင်းကျိုးကျနေကြောင်း သတင်းရသဖြင့် နောင်ချိုမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဧပြီ ၁၀ ရက် နံနက် ၈ နာရီခွဲက ကျိုင်းတုံမြို့နယ်၊ ဟွေဆိုင်းကျေးရွာနေ ဒေါ်မိနစ်(ခ)လော်ဂျူးဆိုသူ၏ နေအိမ်အားဝင် ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အားလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ်၊ ဟွေပုံကျေးရွာအနီးတွင် အားဒိုမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ အားလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်မိနစ်(ခ)လော်ဂျူး(၂၇)နှစ်ဆိုသူနှင့် အားဒို(၃၇)ဆိုသူနှစ်တို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## သရက်မြို့၌ လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**သရက် ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အနောက်ရပ်တောင်ပိုင်းရပ်ကွက်၊ အောင်သီရိ(၆)လမ်းတွင် ယနေ့ နံနက် ၁၀နာရီ ၂၇မိနစ်ခန့်က လူနေအိမ် တစ်လုံး မီးစတင်လောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးမောင်မောင်ထွေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၂၃ ဦးဖြင့် မီးသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီးဖြင့် ၁၀နာရီခွဲတွင် ရောက်ရှိမီးငြိမ်းသတ်ခဲ့ရာ ၁၀ နာရီ ၃၅မိနစ်တွင် မီးထိန်းနိုင်၍ ၁၀ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှု ဖြစ်စဉ်မှာ စိတ်ဝေဒနာရှင်တစ်ဦးက မိမိနေအိမ်ထရံအား မီးရှို့ရာမှာ မီးလောင်ခဲ့ပြီး မီးလောင်မှုကြောင့် သွပ်မိုး၊ ဝါးထရံကာ ဝါးကြမ်းခင်း လူနေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## ခြောက်ကောင်ဂျင် လောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**သနပ်ပင် ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၌ ခြောက်ကောင်ဂျင် လောင်းကစားသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၈ ရက် ည ၁၂ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက်ကျုံပါကျေးရွာရှိ မြေကွက်လပ်၌ အရှေ့တံခွန်တိုင်ကျေးရွာနေ ဦးဝင်းထိုက်(ခ) ပဲဘော (၄၀)နှစ်ဆိုသူ ဦးဆောင်၍ လောင်းကစားလုပ်နေကြောင်း သတင်းအရ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ခြောက်ကောင်ဂျင် (ဒိုင်)ဖြစ်သူ ကျိုက်ထိုမြို့နယ်၊ သမလရပ်ကွက်နေ ဒေါ်စန်းဝင်း (၆၄)နှစ်ဆိုသူနှင့် တစ်ရပ်ကွက်တည်းနေ မသီရိစံ (၂၈)နှစ်ဆိုသူ လောင်းကစားလုပ်သူ အထက်ကျုံပါကျေးရွာနေ ဦးဖိုးမင်း (ဖ)ဖုန်းမြတ် (၅၀)နှစ်ဆိုသူတို့အား ခြောက်ကောင်ဂျင် လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဆိုင်ကယ် မျိုးစုံ ၄၅ စီး၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စန်းဝင်း၊ သီရိစံ၊ ဖိုးမင်း(ခ)ဖုန်းမြတ်နှင့် ဝင်းထိုက်(ခ)ပဲဘော (ဖမ်းဆီးရန်ကျန်) ဆိုသူတို့အား သနပ်ပင်မြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့်လည်းကောင်း။

အလားတူ အဆိုပါမြေကွက်လပ်၌ ခြောက်ကောင်ဂျင်(ဒိုင်)ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာနေ ဦးဇော်မင်းဦး (၄၈)နှစ်ဆိုသူနှင့် လောင်းကစားလုပ်သူ တောင်သူစုကျေးရွာနေ ဦးစိုးမိုးကျော် (၃၈)နှစ်ဆိုသူတို့ နှစ်ဦးအား ခြောက်ကောင်ဂျင် လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇော်မင်းဦး၊ စိုးမိုးကျော်နှင့် ဝင်းထိုက်(ခ) ပဲဘော(ဖမ်းဆီးရန်ကျန်)ဆိုသူတို့အား သနပ်ပင်မြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။

အလားတူ အဆိုပါမြေကွက်လပ်၌ ခြောက်ကောင်ဂျင် (ဒိုင်)ဖြစ်သူ အထက်ကျုံပါကျေးရွာနေ ဒေါ်တင်ဝင်း(၅၂)နှစ်ဆိုသူအား ခြောက်ကောင် ဂျင်လောင်းကစားလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် တင်ဝင်းနှင့် ဝင်းထိုက်(ခ)ပဲဘော (ဖမ်းဆီးရန်ကျန်)ဆိုသူတို့အား သနပ်ပင်မြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။



ထို့အတူ အဆိုပါမြေကွက်လပ်၌ ခြောက်ကောင်ဂျင်(ဒိုင်) ဖြစ်သူ အရှေ့တံခွန်တိုင်ကျေးရွာနေ ဦးမောင်ကြီး(၅၀)နှစ်ဆိုသူနှင့် ဝမ်းဘဲအင်းကျေးရွာနေ ဒေါ်ချိုမာ(၅၄)နှစ်ဆိုသူတို့ နှစ်ဦးအား ခြောက်ကောင်ဂျင် လောင်းကစားလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မောင်ကြီး၊ ချိုမာနှင့် ဝင်းထိုက်(ခ) ပဲဘော(ဖမ်းဆီးရန်ကျန်)ဆိုသူတို့အား သနပ်ပင်မြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်းနှင့် တရားခံ ဝင်းထိုက်(ခ)ပဲဘော ဆိုသူအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# နိုင်ငံတကာ အားကစား သတင်းများ

## ဂျော်ဂျီမာမာဒက်ရှ်ဗီလီ ခြေထောက်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ



**လန်ဒန် ဧပြီ ၂၁**

လီဗာပူးအသင်း ဂိုးသမား ဂျော်ဂျီမာမာဒက်ရှ်ဗီလီသည် ခြေထောက်ဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ဂိုးသမားသည် လီဗာပူးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ဂျော်ဂျီမာမာဒက်ရှ်ဗီလီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂိုးသမား ဂျော်ဂျီမာမာဒက်ရှ်ဗီလီသည် လီဗာပူးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ ပွဲ ကစားထားသည်။

**(အပေါ်ဝဲပုံ)(NGB)**

## 2026 L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲ ဧပြီ ၂၇ ရက်တွင် စတင်မည်



**ပါရီ ဧပြီ ၂၁**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲ လာမည့် ဧပြီ ၂၇ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၇ ရက်မှ မေ ၄ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

L'Open 35 de Saint Malo တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂျပန်တင်းနစ်မယ် Naomi Osaka ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## လူးကပ်စ်ဘာ့ဂ်ဗေးလ်အား ခေါ်ယူရန် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဧပြီ ၂၁**

အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် စပါးအသင်းကွင်းလယ်ကစားသမား လူးကပ်စ်ဘာ့ဂ်ဗေးလ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၄ ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လူးကပ်စ်ဘာ့ဂ်ဗေးလ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ လူးကပ်စ်ဘာ့ဂ်ဗေးလ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## လီယိုဆီယန်ဇာ ဆောက်သမ်တန်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဧပြီ ၂၁**

တောင်ပံကစားသမား လီယိုဆီယန်ဇာ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဆောက်သမ်တန်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် လိဒ်စ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား လီယိုဆီယန်ဇာသည် ဆောက်သမ်တန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၈ပွဲ ကစားပြီး ခုနစ်ဂိုး သွင်းယူထားသည်။



ဆောက်သမ်တန်အသင်း၏ ထုတ်ပြန်ချက်တွင် 'လီယိုဆီယန်ဇာအသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ' ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)**
**(NGB)**

**ဘောလုံး သတင်း အတိုအထွာများ**

* ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

* ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ UEFA Youth League ပြိုင်ပွဲ ချန်ပီယံဆုကို ရီးရဲလ်မက်ဒရစ်လူငယ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ (NGB)

## ဝုဖ်အသင်း ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရ

**လန်ဒန် ဧပြီ ၂၁**

ဝုဖ်အသင်းသည် ပရီးမီးယားလိဂ်မှ အင်္ဂလိပ်ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရပြီဖြစ်သည်။

ဝုဖ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၃၃)ပွဲကစားအပြီးတွင် ရမှတ် ၁၇မှတ်သာ ရရှိထားပြီး အဆင့်(၁၇)နေရာမှ ဝက်စ်ဟမ်းအသင်းနှင့် ၁၆မှတ်အထိ ကွာဟနေမှုကြောင့် ပြိုင်ပွဲပြီးဆုံးရန် ငါးပွဲအလိုမှာပင် တန်းဆင်းခဲ့ရသည်။

ဝုဖ်အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှစ်နှစ်ကြာ ကစားပြီးနောက် တန်းဆင်းခဲ့ရပြီဖြစ်သည်။

ထို့ပြင် ဝုဖ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်မှ ပထမဆုံးတန်းဆင်းရသည့်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

**(အောက်ပုံ)(NGB)**



### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၆)ပွဲကျန် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၂-၄-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁)ပီအက်စ်ဂျီ – နန့်တက်စ်(၁၇)<br>(W,W,W,W,L) (L,L,D,D,D) | ပီအက်စ်ဂျီ ၁-၁ နန့်တက်စ်<br>နန့်တက်စ် ၁-၁ ပီအက်စ်ဂျီ |

### ဂျာမန်ပိုကယ်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲ အဆင့်) | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|
| ၂၃-၄-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | လေဗာကူဆင် – ဘိုင်ယန်မြူးနစ်<br>(ဘွန်ဒက်လီဂါ-၆) (ဘွန်ဒက်လီဂါ-၁) | လေဗာကူဆင် ၁-၁ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၃-၀ လေဗာကူဆင် |

### ပြင်သစ်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲ အဆင့်) | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|
| ၂၃-၄-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | စထရာဘော့စ် – နိစ်<br>(ပြင်သစ်လီဂူး-၈) (ပြင်သစ်လီဂူး-၁၅) | စထရာဘော့စ် ၃-၁ နိစ်<br>နိစ် ၁-၁ စထရာဘော့စ် |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်(ဒု-အကျော့)ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ပ-အကျော့ တွေ့ဆုံမှုရလဒ် |
|---|---|---|
| ၂၃-၄-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | အတ္တလန်တာ – လာဇီယို<br>(စီးရီးအေ-၇) (စီးရီးအေ-၉) | လာဇီယို ၂-၂ အတ္တလန်တာ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၃-၄-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၈)ဘုန်းမောက် – လိဒ်စ်(၁၅)<br>(D,D,D,W,W) (D,D,W,W,W) | ဘုန်းမောက် ၄-၁ လိဒ်စ်<br>လိဒ်စ် ၄-၃ ဘုန်းမောက် |
| ,, | (၁၉)ဘန်လေ – မန်စီးတီး(၂)<br>(L,D,L,L,L) (L,W,W,W,W) | ဘန်လေ ၀-၃ မန်စီးတီး<br>မန်စီးတီး ၃-၁ ဘန်လေ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၂-၄-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁၈)အယ်လ်ချီ – အက်သလက်တီကို(၄)<br>(L,W,W,L,W) (L,W,L,L,L) | အယ်လ်ချီ ၁-၀ အက်သလက်တီကို<br>အက်သလက်တီကို ၂-၀ အယ်လ်ချီ |
| ၂၃-၄-၂၀၂၆<br>နံနက် ၀၀:၃၀ နာရီ | (၇)ဆိုစီဒက် – ဂီတာဖေး(၈)<br>(W,L,W,D,W) (W,L,W,W,L) | ဆိုစီဒက် ၀-၃ ဂီတာဖေး<br>ဂီတာဖေး ၀-၀ ဆိုစီဒက် |
| ၂၃-၄-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၁)ဘာစီလိုနာ – ဆဲလ်တာဗီဂို(၆)<br>(W,W,L,W,W) (L,W,L,L,L) | ဘာစီလိုနာ ၄-၃ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၂-၂ ဘာစီလိုနာ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၃-၄-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | (၁၄)ဘာမင်ဂမ် – ပရက်စတန်(၁၆)<br>(L,L,L,W,D) (W,D,D,W,L) | ဘာမင်ဂမ် ၁-၀ ပရက်စတန်<br>ပရက်စတန် ၂-၁ ဘာမင်ဂမ် |
| ,, | (၁၉)ချာလ်တန် – အစ်ဆွစ်ချ်(၂)<br>(L,L,D,L,D) (D,W,W,L,D) | ချာလ်တန် ၀-၃ အစ်ဆွစ်ချ်<br>အစ်ဆွစ်ချ် ၀-၀ ချာလ်တန် |
| ,, | (၁၂)ရှက်ဖီးလ်(Utd) – ဘလက်ဘန်း(၂၁)<br>(L,D,L,W,W) (W,D,D,L,D) | ရှက်ဖီးလ်(Utd) ၁-၁ ဘလက်ဘန်း<br>ဘလက်ဘန်း ၀-၂ ရှက်ဖီးလ်(Utd) |

## စက်သုံးဆီဖြန့်ဖြူးခြင်းချောမွေ့ရေးနှင့် ပူလုံမှုရှိစေရေး Bar Code/QR Code ဖြင့် စုံ၊ မ ယာဉ်များကို နေ့အလိုက် စက်သုံးဆီရောင်းချနေမှုအား ပူးပေါင်းဆောင်ရွက်ပေး

**တောင်တွင်းကြီး ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် စက်သုံးဆီဖြန့်ဖြူးခြင်းချောမွေ့ရေးနှင့် ဖူလုံမှုရှိစေရေး Bar Code/QR Code ဖြင့် စုံ၊ မ ယာဉ်များကို နေ့အလိုက်စက်သုံးဆီရောင်းချနေမှုကို မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုအရာခံဗိုလ် စိုးပိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက ဧပြီ ၂၀ ရက် နံနက် ၁၀နာရီက ခိုင်ခိုင်ကျော်စက်သုံးဆီဆိုင်နှင့် ဝါဝါဝင်းစက်သုံးဆီအရောင်းဆိုင်များ၌ စက်သုံးဆီရောင်းချနေမှုအား ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ စက်သုံးဆီရောင်းချနေမှုအခြေအနေများ ဆီလှောင်ကန်များတွင် စက်သုံးဆီကျန်ရှိမှုအခြေအနေနှင့် စက်သုံးဆီရောက်ရှိ၊ ဖြန့်ဖြူးမှုအား ညွှန်ကြားချက်များအတိုင်း စနစ်တကျဆောင်ရွက်စေရေး၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ သိုလှောင်ရန်အတွက် ဝယ်ယူခြင်းများရှိပါက ရောင်းချမှုမရှိစေရေးနှင့် စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် QR Code စနစ်ဖြင့် စက်သုံးဆီများ ရောင်းချခြင်း၊ တရားဝင်လိုင်စင်ရှိသော ယာဉ်များအား ဝီးတက်ပြသည့် စနစ်ဖြင့် ရောင်းချခြင်း၊ စုံ၊ မ ရက်အလိုက် ဆီရောင်းချပေးခြင်း၊ နေ့စဉ် သတ်မှတ်အချိန်အတိုင်း ဆီရောင်းချပေးခြင်းနှင့် ပုံး၊ ပီပါများဖြင့် ရောင်းချနေမှုများ ရှိ၊ မရှိ တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး စက်သုံးဆီများ စည်းကမ်းချက်များနှင့်အညီ အဆင်ပြေချောမွေ့စွာ ရောင်းချနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) နောင်နောင်(ဗိဿနိုးမြေ)**



## မြစ်ရေတင်ဖြင့် နွေစပါး ဧက ၂၂၀ စိုက်ပျိုးပြီးဖြစ်

**ညောင်ဦး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ဆိုလာစနစ် မြစ်ရေတင်ဖြင့် နွေစပါး ဧက ၂၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌွေးရီထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ ဆိုလာမြစ်ရေတင်စနစ်ဖြင့် နွေစပါးစိုက်ပျိုးရန် ဖေဖော်ဝါရီတွင် ပျိုးစတင်ပျိုးထောင်ခဲ့ကြောင်း၊ ဧပြီလပထမပတ်မှ စတင်၍ ပျိုးပင်များလယ်ကွင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ ဆိုလာစနစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးမျိုးမှာ ဆင်းသုခ၊ မနောသုခ၊ GW-11၊ အောင်နိုင်တိုး စပါးမျိုးများကို တောင်သူများစိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်းရွှေ့ပြောင်းစိုက်ရကြောင်း၊ စပါးတစ်သီး ရင့်မှည့်ချိန်ထိ ငါးလကြာမြင့်ကြောင်း မိုးစပါးစိုက်တောင်သူများက ပြောသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် နွေစပါးစိုက်တောင်သူများ စပါးသီးနှံရိတ်သိမ်းပြီးချိန်အထိ တစ်ဧကစိုက်ပျိုးရေသွင်း စရိတ်ငွေကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ငွေကျပ် ၉၀၀၀ ပေးရကြောင်း၊ အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀ ပေးသွင်းရကြောင်းသိရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့်စပါးများ အထွက်နှုန်း ပုံမှန်ကောင်းမွန်ပြီး ရေပေးသွင်းခလည်း တန်လွန်းကြောင်း၊ နွေစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် ၂၀ လက်မအောက်သာ ရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင်ရေသွင်းရကြောင်း တစ်ဧကသွင်းဈေးလည်း တန်လွန်းကြောင်း နွေစပါးစိုက်တောင်သူများက ရှင်းပြသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးတစ်ဧက ကောက်စိုက်သမစိုက်ပျိုးခ ငွေကျပ် ၅၅၀၀၀ ဖြင့် စိုက်ဧကပြတ်စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလာကြကြောင်း နွေစပါးစိုက်တောင်သူများက ရှင်းပြ၍ သိရကာ ညောင်ဦးမြို့နယ်၌ မိုးစပါး ၂၂၀ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း၊ ငါ့သရောက်ဆိုလာမြစ်ရေတင်ဖြင့် ၇၅ ဧက၊ လက်ပံခြေပေါ်ဆိုလာမြစ်ရေတင်ဖြင့် ဧက ၉၀၊ သူကောင်းတည်ဆိုလာမြစ်ရေတင်ဖြင့် ၅၅ ဧက၊ စုစုပေါင်း မြစ်ရေတင်ဖြင့် ဧက ၂၂၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄ရ၁)**

## ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများမှ ထိုင်ဝမ်ပိန္နဲစိုက်ပျိုးတောင်သူများ ပိန္နဲသီးပေါ်ချိန်တွင် တစ်ပိဿာ ငွေကျပ် ၂၅၀၀ ရောင်းချနေရခြင်းကြောင့် တွက်ခြေကိုက်နေ

**ညောင်ဦး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ထိုင်ဝမ်ပိန္နဲစိုက်ပျိုးတောင်သူများ ပိန္နဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးသီးနှုန်းကောင်းမွန်ကာ ဆွတ်ခူးရောင်းချချိန်တွင် တစ်ပိဿာ ငွေကျပ် ၂၅၀၀ ရောင်းချရခြင်းကြောင့် ပိန္နဲစိုက်တောင်သူများ တွက်ခြေကိုက်နေကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် လဲဝွကျေးရွာ၊ လက်ပံအိုင့်ကျေးရွာ၊ ဝွေးကုန်းကျေးရွာ၊ လျော်တော၊ နဂါးလည်၊ စီးမ၊ ဆည် ကျေးရွာများသည် ထိုင်ဝမ်ပိန္နဲစိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြောင်း၊ ထိုင်ဝမ်ပိန္နဲမျိုးပင်များအား ပြင်ဦးလွင်မြို့သို့ သွားရောက်ဝယ်ယူခဲ့ကြပြီး ပျိုးပင်တစ်ပင် ငွေကျပ်တစ်သောင်းမှ နှစ်သောင်းငါးထောင်ကျပ်အထိ ပေးဝယ်ပြီး စိုက်ပျိုးကြကြောင်း၊ တစ်ပင်နှင့်တစ်ပင် ၁၂ ပေခြား စိုက်ပျိုးရပြီး မစိုက်ပျိုးမီ တစ်ပေခွဲပတ်လည်တူးကာ မြေဆီမြေဆွေးထည့်ပြီး ဆယ့်ငါးရက်ခန့် ရေလောင်းနှပ်ထားရကြောင်း လဲဝွကျေးရွာ ထိုင်ဝမ်ပိန္နဲစွန့် ဦးစိုက်ပျိုးသူ ဦးသောင်းတင်က ပြောသည်။ ထိုင်ဝမ်ပိန္နဲပင်များ စတင်စိုက်ပျိုးပြီး တစ်နှစ်ခွဲခန့်အကြာတွင် စတင်အပွင့်ပွင့် အသီးသီးသော်လည်း အသီးများမတင်ဘဲ နှစ်နှစ်ခွဲသား အပင်မှသာ အသီးစတင် တင်ခဲ့ကြောင်း သိရသည်။

ထိုင်ဝမ်ပိန္နဲပင်များ အရွယ်ရောက်လာသည့်အခါ ပိန္နဲပင်တစ်လျှင် ပိန္နဲသီးအနည်းဆုံး သုံးလုံးမှ အလုံးလေးဆယ်ထိသီးကြောင်း၊ ပိန္နဲသီးတစ်လုံးလျှင် လေးပိဿာမှ ဆယ့်လေး ပိဿာထိရှိကြောင်း၊ ပိန္နဲသီးရောင်းချရာတွင် တစ်လုံးခြင်းမရောင်းချဘဲ တစ်လုံးပိဿာချိန် အရှိအတိုင်းရောင်းချကြောင်း သိရသည်။ ထိုင်ဝမ်ပိန္နဲသီးများသည် တစ်နှစ်ပတ်လုံး အပွင့်ပွင့် အသီးသီးကြောင်း၊ ပိန္နဲသီးရင့်မရင့် ခူးဆွတ်ချိန် အညှာအား ဓားထစ်ကြည့်ရကြောင်း၊ ပိန္နဲအစေးကျဲလျှင် ရင့်မှည့်ကာ အစေးပျစ်လျှင် မရင့်သေးကြောင်း၊ ထိုင်ဝမ်ပိန္နဲစိုက်တောင်သူများက ရှင်းပြသည်။



ထိုင်ဝမ်ပိန္နဲသီးများသည် အိမ်မာသီးများဖြစ်ခြင်းကြောင့် စားသုံးသူများကြိုက်ကြပြီး ပိန္နဲသီးပေါ်ချိန် စိုက်ခင်းအထိ ပိန္နဲသီးပွဲစားများ လာရောက်ဝယ်ကြကြောင်း၊ ထွက်ရှိလာသည့် ပိန္နဲသီးများအားလုံး အပြင်မရောင်းချရပဲ ပိန္နဲသီးပွဲစားများ စိုက်ခင်းအထိ လာရောက်ဝယ်ယူခြင်းကြောင့် ခရီးစရိတ်သက်သာခြင်း၊ မြို့ပေါ်ဖောက် သယ်မရှာရခြင်းများကလည်း ထိုင်ဝမ်ပိန္နဲစိုက်ပျိုးတောင်သူများအတွက် အခွင့်အရေး တစ်ရပ်လည်းဖြစ်ကာ ပိန္နဲသီးတစ်ပိဿာ ငွေကျပ် ၂၅၀၀ ရောင်းချနေရခြင်းကြောင့် ထိုင်ဝမ်ပိန္နဲစိုက်ပျိုးတောင်သူများ ပိန္နဲသီးပေါ်ချိန်တွင် ဝင်ငွေတွက်ခြေကိုက်နေကြကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄ရ၁)**

* – * – * – * – * – *

## အပူဒဏ်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဥတ္တရသီရိ ဧပြီ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်တွင် နွေရာသီကာလအတွင်း ကျရောက်လာနိုင်သည့် အပူဒဏ်အန္တရာယ်များမှ အများပြည်သူများကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ချင်းရွာမွှာရုံ၌ အပူဒဏ်ကာကွယ်ရေးအသိပညာပေးဆောင်ရွက်ခဲ့သည်။

အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝါဝါညွှန့်ရွှေနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ပြည်သူများ အပူဒဏ်အန္တရာယ်ကင်းဝေးစေရန်အတွက် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ အပူဒဏ်အန္တရာယ်ပြင်းထန်စွာခံစားရပါက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များအတိုင်း စနစ်တကျ ကုသဆောင်ရွက်ရမည့် အခြေအနေများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

* – * – * – * – * – *

## စဉ့်ကူးမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်

**စဉ့်ကူး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်စွာဝင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်ခင်မိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြန်မာ့စီးပွားရေးဘဏ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စာလွင်(ပြန်/ဆက်)**



# အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဧပြီ ၂၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်မှ ကြီးမှူး၍ အင်္ဂလိပ်စာဌာနမှ ဦးစီး၍ အမရပူရခရိုင်နှင့် မဟာအောင်မြေခရိုင်တို့မှ မူလတန်းပြ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း(Main Course)သင်တန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ (၂)၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ (ဌာနမှူး)ဒေါက်တာ အိအိစိုးမင်းနှင့် သင်တန်းပို့ချပေးမည့် ဆရာ၊ ဆရာမများ၊ အမရပူရခရိုင်နှင့် မဟာအောင်မြေခရိုင်မှ ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။



ရှေးဦးစွာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အင်္ဂလိပ်စာဌာနမှ ပါမောက္ခ (ဌာနမှူး)က သင်တန်းပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းသို့ အမရပူရခရိုင်မှ သင်တန်းသား ဆရာ၊ ဆရာမ ၅၀ ဦးနှင့် မဟာအောင်မြေခရိုင်မှ သင်တန်းသား ဆရာ၊ ဆရာမ ၅၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိဖြစ်ပြီး Module 1: Developing Communicative Skills, Module 2: Communicative Grammar, Module 3: Familiarising Teachers with Materials, Module 4: Classroom Language ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၈၂)



# နှမ်းစပါးစိုက်ပျိုးကေပြည့်မီရေး ဈေးနှုန်းသက်သာစွာ ဓာတ်သုံးဆီရောင်းချပေးလျက်ရှိ

**တပ်ကုန်း ဧပြီ ၂၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ပူးပေါင်း၍ နွေစပါးစိုက်ပျိုးဧကပြည့်မီရေး စက်သုံးဆီများ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချိုဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းထွန်းနှင့် ဝန်ထမ်းများက ကြီးကြပ်၍ ဧပြီ ၂၀ ရက် နံနက်ပိုင်းက ကျားသေအိုင်ကျေးရွာအုပ်စု၊ ညောင်လွန့်ကျေးရွာအုပ်စုများရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ခန်းမများတွင် စက်သုံးဆီများရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် တပ်ကုန်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးလျာထားဧက ၉၁၁၄ ဧက၊ စိုက်ပြီးဧက ၈၆၁၄ ဧက၊ စိုက်ပျိုးရန်ကျန်သည့် ဧက ၅၀၀ အတွက် တစ်ဧကလျှင် တစ်ဂါလန်နှုန်း၊ တစ်ဂါလန်ကို ငွေကျပ် ၁၀၀၀၀ ဖြင့် ဂါလန် ၅၀၀ ကို စုရပ်နှစ်နေရာ၌ နွေစပါးစိုက်တောင်သူများ လက်ဝယ်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# မူလတန်းပြ ဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်

**စဉ့်ကိုင် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျောက်ဆည်တက္ကသိုလ်နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မူလတန်းပြ ဆရာ၊ ဆရာမများ၏အင်္ဂလိပ်စာ သင်ကြား၊ သင်ယူမှုစနစ် ပိုမိုကျွမ်းကျင်အောင်မြင်တိုးတက်လာစေပြီး အရည်အသွေးရှိသော ကျောင်းသား၊ ကျောင်းသူများ ပေါ်ပေါက်လာစေရေးတို့ကို ရည်ရွယ်ကာ မူလတန်းပြဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ ဧကရာဇ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာအခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာလှဲ့လှဲ့ဝေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အင်္ဂလိပ်စာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာချယ်ရီဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာ၊ ဆရာမများက မူလတန်းပြ သင်တန်းသား ဆရာ၊ ဆရာမ ၁၀၀ ဦးအား စာတွေ့၊ လက်တွေ့ ပို့ချလျက်ရှိပြီး သင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ပို့ချ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါအင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲသို့ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခဌာနမှူး ကျောက်ဆည်ခရိုင် ပညာရေးမှူး ဒေါက်တာဥမ္မာကြည်နှင့် သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)



# ကျောက်ဆည်မြို့နယ် တိုက်နယ်(၃)၌ ငရုတ် ဧက ၃၀ စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ တိုက်နယ်(၁၂)ခုရှိပြီး နယ်မြေဒေသအလိုက် ငရုတ်သီးနှံများ စိုက်ပျိုးလျက်ရှိရာ တိုက်နယ်(၃)အတွင်းရှိ ကျေးရွာအုပ်စုများတွင် ငရုတ်သီးနှံ ဧက ၃၀ စိုက်ပျိုးပြီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

တိုက်နယ်(၃)တွင် လက်ပံပင်၊ မယ်ဇယ်ပင်၊ တံစိုး၊ သူငယ်တော်၊ ပွတ္တိုင်၊ မြောင်းဦး၊ အနောက်သာဂရ၊ ရွာပုလဲ၊ ကတဲ၊ ပနန်ကျေးရွာအုပ်စုများပါဝင်ကြောင်း သိရပြီး ငရုတ်သီးနှံသည် ဈေးကွက်ကောင်းရရှိသဖြင့် အခြားကျေးရွာအုပ်စုများတွင်လည်း ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ငရုတ်စိုက်တောင်သူများသည် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ဖ၉၂ ငရုတ်မျိုးများ အဓိကစိုက်ပျိုးကြကြောင်း၊ မြေအနေအထားနှင့် ဈေးကွက်ရရှိရေး သီတင်းကျွတ်လမှ စတင်စိုက်ပျိုးကြကြောင်း စိုက်ပျိုးရာ၌ မြေပေါင်းများပြုလုပ်၍ ပျိုးပင်များအား ရေသွင်းစိုက်ပျိုးခြင်းနှင့် မြေကျင်းတူးပြီး ရေလောင်းစိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုးစိုက်ပျိုးကြကြောင်း၊ ငရုတ်သီးနှံ တစ်ဧက စိုက်ပျိုးမည်ဆိုပါက မျိုးထုပ် ၁၅ ထုပ်ခန့် ပျိုးထောင်ရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မြေပြင်သည်မှစ၍ အခင်းဖျက်သိမ်းသည်အထိ ငွေကျပ် သိန်း ၄၀ မှ ၄၃ သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ငရုတ်သီးအစိမ်း ဈေးကွက်ကောင်းပါက ငရုတ်စိုက်တောင်သူများမှ အသီးစိမ်း ခူးဆွတ်ရောင်းချပြီး အသီးအစိမ်းဈေးကွက်မကောင်းပါက အမှည့်ထား၍ အခြောက်လှန်းကာရောင်းချကြောင်း၊ ငရုတ်တစ်ဧကတွင် ငရုတ်သီးအခြောက် တင်းပေါင်း ၃၀၀ မှ ၅၀၀ အထိ ထွက်ရှိကြောင်း ဒါန်းတိုင်ကျေးရွာမှ ငရုတ်စိုက်တောင်သူ ဦးမင်းနိုင်က ပြောသည်။

(အပေါ်ပုံ)

(၄၈၅)

*-*-*-*-*-*

# မန္တလေးဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ် (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ဆွေးနွေး

**မန္တလေး ဧပြီ ၂၁**

မန္တလေးဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ်၊ ပညာရေးဒီဂရီကောလိပ်(၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ဖိုးလမ်းရှိ ပညာရေးဒီဂရီကောလိပ်၊ အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ်၊ ပညာရေးဒီဂရီ ကောလိပ်တို့မှ သင်တန်းသား၊ သင်တန်းသူဟောင်းများ တက်ရောက်ကြသည်။



အစည်းအဝေးတွင်(၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းထွန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ်၊ ပညာရေးဒီဂရီကောလိပ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ပညာသင်နှစ်အလိုက် အလှူငွေများ ကောက်ခံရေးနှင့် ဆရာ၊ ဆရာမကြီးများ ကန်တော့နိုင်ရေးကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် သင်တန်းသားဟောင်း ဦးဝင်းထွန်းထွန်းက မ,တည် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ မန္တလေးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့သည်။ (ဝဲပုံ)

(၁၉)ကြိမ်မြောက် မန္တလေးဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ်၊ ပညာရေးဒီဂရီကောလိပ်များ၏ စုပေါင်းမြတ်ဆရာပူဇော်ပွဲကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာနောက်ဆုံးပတ်တွင် ပညာတန်ဆောင်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

မန္တလေးဆရာအတတ်သင်သိပ္ပံကို ၁၉၅၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ပညာရေးကောလိပ်သို့လည်းကောင်း၊ ပညာရေးဒီဂရီကောလိပ်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး အခြေခံပညာ ဆရာ၊ ဆရာမများ မွေးထုတ်ပေးခဲ့သော သင်တန်းကျောင်းကြီးဖြစ်ကြောင်း သိရသည်။ (၀၄၅)

# နွေအပူ၊ တည်ငြိမ်လျှပ်စစ်နှင့် စက်သုံးဆီမီးဘေးအန္တရာယ်

မောင်မောင်စွယ်စုံထွန်း

လက်ရှိတွင် အပူချိန်မြင့်မားလာမှု ရှိနေပါသည်။ မကြာသေးခင်ကပဲ ဆီတန်းစီရင်းကားမီးလောင်မှု၊ လူသေဆုံးမှုသတင်းများလည်း မြင်တွေ့လာနေရပါသည်။ ယခုလို မတော်တဆမှု မဖြစ်ပွားစေရန်နှင့် မိဘပြည်သူများ ကျန်းမာရေးမထိခိုက်စေရန် အောက်ပါအချက်များကို အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**၁။ စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် ဘေးကင်းလုံခြုံမှု**

- တည်ငြိမ်လျှပ်စစ် (Static Electricity) ကို သတိပြုပါ။ ဆီလောင်းထည့်ခြင်း(သို့မဟုတ်) တစ်ပုံးမှတစ်ပုံး ကူးပြောင်းသည့်အခါ မျက်စိဖြင့် မမြင်ရသော တည်ငြိမ်လျှပ်စစ်ကြောင့် မီးပွား (Spark) ထွက်ပေါ်ပြီး မီးလောင်မှု ဖြစ်ပွားနိုင်ပါသည်။

- မြေစိုက်ခြင်း (Earthing) ကို စနစ်တကျ ပြုလုပ်ပါ။ မဖြစ်မနေ ဆီလဲလှယ်ရာတွင် ခန္ဓာကိုယ်ရှိ တည်ငြိမ်လျှပ်စစ်များ မြေကြီးထဲသို့ စီးဆင်းသွားစေရန် ဖိနပ်မစီးဘဲ ရေစိုနေသော မြေကြီးပေါ်တွင်သာ လုပ်ဆောင်ပါ။

-နေပူခြစ်တောက်နေသောနေရာ၊ သစ်သားကြမ်းခင်း (သို့မဟုတ်) ကော်ဇောပေါ်တွင် ဆီလဲလှယ်ခြင်းကို လုံးဝ (လုံးဝ) မပြုလုပ်ပါနှင့်။

- ဆီပိုက် သို့မဟုတ် ဆီလဲလှယ်ရာတွင် သုံးမည့် ကိရိယာများကို မြေကြီးနှင့် အရင်ထိတွေ့ပြီးမှသာ အသုံးပြုပါ။

-ပေါ့ပေါ့ပါးပါး ချည်သားအဝတ်အစားများကို ရွေးချယ်ဝတ်ဆင်ပါ။ နိုင်လွန်ထည်များ ရှောင်ပါ။

**၂။ ဆီဆိုင်တွင် တန်းစီချိန် ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး**

- ကားခဏရပ်ထားချိန်တွင် အင်ဂျင်ခန်း အပူရှိန်ကြောင့် ကားအတွင်းပိုင်း၌ အပူချိန်မြင့်တက်နေနိုင်သဖြင့် ကားပေါ်မှဆင်း၍ အရိပ်ရသောနေရာ (သို့မဟုတ်)သစ်ပင်ရိပ်အောက်တွင် နားပေးပါ။

- အပူဒဏ်ခံနိုင်ရည်နည်းသော သက်ကြီးရွယ်အိုများ ကိုယ်တိုင် တန်းစီခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ။ ခန္ဓာကိုယ်အေးမြစေရန် ယပ်တောင်(သို့မဟုတ်)လက်ကိုင်ပန်ကာ ဆောင်ထားပြီး ရေနှင့် ဓာတ်ဆားရည် လုံလောက်စွာ သောက်ပေးပါ။

- နေအပူဆုံးအချိန် (မွန်းတည့် ၁၂ နာရီမှ ၃ နာရီအတွင်း)တွင် တန်းစီခြင်းကို တတ်နိုင်သမျှ ရှောင်ပါ။ ဆီဆိုင်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်း၊ ဖုန်းသုံးခြင်းနှင့် အရက်၊ ဘီယာ သောက်သုံးခြင်းကို လုံးဝမပြုလုပ်ပါနှင့်။

- စိတ်ဖိစီးမှု လျှော့ချပါ။ စိတ်တို၊ စိတ်ပူခြင်း (Stress)များပါက လူကို ပို၍ အပူတက်စေတတ်သဖြင့် စိတ်ကို ပေါ့ပေါ့ပါးပါး ထားရှိပါ။

**၃။ မတော်တဆ မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရန်**

- ရေဖြင့် လုံးဝ မငြိမ်းသတ်ပါနှင့်။ ရေသည် ဆီကို ပိုမိုပျံ့နှံ့စေပြီး မီးကို ပိုမိုကြီးထွားစေပါသည်။

- မှန်ကန်သော မီးသတ်ဆေးဘူးကို သုံးပါ။

-ဆီမီးလောင်မှုအတွက် ABC Dry Powder (သို့မဟုတ်) Foam မီးသတ်ဆေးဘူးများကိုသာ အသုံးပြုပါ။

အဆိုပါ တည်ငြိမ်လျှပ်စစ်ခုန်ကူးမှု (Static Shock) သည် စိတ်အနှောင့်အယှက်ဖြစ်စရာ ကိစ္စတစ်ခု ဖြစ်ပါသည်။ အကြမ်းဖျဉ်းအားဖြင့် ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်သည့် ပြဿနာမျိုးမဟုတ်ပါ။

လျှပ်စစ်လှိုင်းများ ခုန်ကူးမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝအလျောက် ဓာတ်လိုက်မှု အသေးစား တစ်မျိုးသာဖြစ်ပါသည်။ သို့သော် ဘာမှမဖြစ်နိုင်ဟုဆိုပြီး ပေါ့လျော့နေ၍ လုံးဝမရသောအန္တရာယ် အလွန်ကြီးလာနိုင်သော ကိစ္စတစ်မျိုးတော့ဖြစ်သည်။ တစ်ခါတစ်ရံ ပြင်းထန်သည့် အခါမျိုးတွင် ထိခိုက်ဒဏ်ရာရခြင်းမျိုး ဖြစ်နိုင်ခြေ အနည်းငယ်ရှိသည့်အတွက် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် လျှပ်စစ် (Electricity) တွင် တည်ငြိမ်လျှပ်စစ် (Static Electricity) နှင့်ရွေ့လျားလျှပ်စစ် (Current Electricity or Dynamic Electricity) ဟူ၍ ပုံစံနှစ်မျိုးရှိရာ၌ Static Electricityသည် တစ်နေရာထဲ၌ တည်ငြိမ်ပြီး ပွားများစေတတ်သည့် သဘောဆောင်သည့် လျှပ်စစ်ဓာတ် တစ်မျိုးသာဖြစ်ပါသည်။ တစ်နေရာထဲ၌ တည်ငြိမ်စွာ စုစည်းနေပြီး ရုတ်တရက် ပေါ်ထွက်လာတတ်သည့်အတွက် အမှုမဲ့၊ အမှတ်မဲ့နှင့် အန္တရာယ်ရှိတတ်သည့် လျှပ်စစ်ဓာတ်မျိုး ဖြစ်ပါသည်။ Static Shocks ကိုဖြစ်စေသည့် အရာလည်း ဖြစ်ပါသည်။

လေ့လာချက်များအရဆိုလျှင် Static Shock သည် နေရောင်နှင့်လည်း တိုက်ရိုက်သက်ဆိုင်တတ်သဖြင့် ညနေခင်းများနှင့် ညဘက်များဆိုလျှင် သိပ်မဖြစ်ပေါ်တတ်ပါဟု ဆိုနိုင်ပါသည်။ အဆိုပါ အချိန်များတွင် လူများ၌ နေ၏စွမ်းအင် နည်းပါးနေတတ်ခြင်းကြောင့်လည်း ဖြစ်ပါသည်။

အဝတ်အထည်၊ ပတ်ဝန်းကျင်နှင့် ရာသီဥတု အခြေအနေများအပေါ်မူတည်၍လည်း ဖြစ်နိုင်ခြေရှိပါသည်။ အချို့သော Static Shock များသည် အန္တရာယ်မများပါဟုဆိုသော်လည်း ခဏခဏဖြစ်နေမည်ဆိုလျှင် မကောင်းသည့် အကျိုးဆက်အချို့ ရှိလာနိုင်ပါသည်။

တစ်ခါတစ်ရံ ပြင်းထန်တတ်ပြီး အလွန်အမင်း နာကျင်ခြင်း၊ သတိလစ်ခြင်း၊ ဦးနှောက်ထိခိုက်ခြင်း၊ စိတ်ဖိစီးခြင်း၊ ပူပင်စိတ်များခြင်း၊ စရိုက်လက္ခဏာပြောင်းသည့် စိတ်ဝေဒနာစွဲကပ်ခြင်း၊ အသက်ရှူကြပ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ပုံမှန်မဟုတ်သည့် နာကျင်မှုဝေဒနာခံစားရခြင်းနှင့် Arachnoiditis ဆိုသည့် ခန္ဓာကိုယ် အပြင်းအထန် နာကျင်သည့် ရောဂါများ စွဲကပ်ခြင်းများသည် ဖြစ်လာနိုင်ခြေရှိပါသည်။

ကြောက်မက်ဖွယ်အကောင်းဆုံးအန္တရာယ်မှာ မော်တော်ယာဉ် အသုံးပြုသူများအနေဖြင့် တစ်ခါတစ်ရံ Static Shock မှတစ်ဆင့် Electric Discharge ဖြစ်ပြီး မီးလောင်ခြင်းမျိုးအထိ ဖြစ်နိုင်ခြင်းမျိုးဖြစ်ပါသည်။

Static Shoc သည် အလွန်အမင်း အန္တရာယ်များသည့် ပြဿနာတစ်ခု မဟုတ်သော်လည်း သတိမမူမိလျှင် ဘေးထွက်ဆိုးကျိုးအနေဖြင့် မတော်တဆဖြစ်မှုမျိုး ကြုံရနိုင်သဖြင့် အထူးသတိပြုသင့်သည့် ကိစ္စရပ်တစ်ခုလည်းဖြစ်ပါသည်။

ဖြစ်တတ်သည်မှာအနီးအနား၌ မီးလောင်လွယ်သည့် ပစ္စည်းများ ရှိနေခဲ့လျှင် ခန္ဓာကိုယ်က လျှပ်စစ်ဓာတ်မှတစ်ဆင့် မီးလောင်နိုင်ပါသည်။

ယနေ့လို လောင်စာဆီအခက်အခဲရှိနေချိန်မျိုးတွင် လူအချို့သည် ဓာတ်ဆီ၊ ဒီဇယ်ဆီများကို သိုလှောင်ကိုင်တွယ်မှုများ ပြုလုပ်လာကြရာ၌ ကိုင်တွယ်မှုမတတ်ပါက မီးလောင်မှုနှင့် တိုက်ရိုက်ရင်ဆိုင်ရနိုင်သည့် အန္တရာယ်ရှိနေပါသည်။ အထူးသဖြင့် ပူပြင်းသည့် နွေရာသီတွင် ဓာတ်ဆီကို တစ်ပုံးမှတစ်ပုံးသို့ ပြောင်းလဲရာ၌ အထူးသတိပြုရမည့် အဓိကတရားခံမှာ Static Electricity (တည်ငြိမ်လျှပ်စစ်)ပင် ဖြစ်သည်။

တည်ငြိမ်လျှပ်စစ်ဆိုသည်မှာ အရာဝတ္ထုနှစ်ခု ပွတ်တိုက်မိရာမှ ထွက်ပေါ်လာသည့် လျှပ်စစ်ဓာတ်မျိုးဖြစ်ရာ ဓာတ်ဆီအငွေ့နှင့် တစ်ခုခုပွတ်တိုက်မိခြင်း (သို့မဟုတ်) ခန္ဓာကိုယ်ရှိ အဝတ်အစားစသည်တို့၌ ဖြစ်တည်လာသော တည်ငြိမ်လျှပ်စစ်ဓာတ်မှ မီးပွား (Spark) အသေးစားလေးတစ်ခု ထွက်ပေါ်လာခြင်းမျိုးဖြစ်ရုံဖြင့် မီးအကြီးအကျယ်လောင်ကျွမ်းသွားစေနိုင်ပါသည်။ ထို့ကြောင့် စက်သုံးဆီသိုလှောင်သူများ၊ စက်သုံးဆီလှယ်သူများအတွက် မဖြစ်မနေ လိုက်နာရမည့်အချက်များကို မပျက်မကွက် လိုက်နာသွားကြရန် အထူးပင် လိုအပ်လှပါသည်။ ဓာတ်ဆီကို တစ်ပုံးမှတစ်ပုံးသို့ ပြောင်းလဲခြင်း(သို့မဟုတ်) ဆီဖြည့်ခြင်းများ ပြုလုပ်ရာတွင် ဘေးကင်းစေရန်အတွက် အောက်ပါအချက်များကို တိကျစွာ လိုက်နာသင့်သည်။

(၁)ရေစိုမြေကြီးပေါ်တွင်သာ လုပ်ဆောင်ပါ ဆီကိုင်တွယ်မည့် ပတ်ဝန်းကျင်ရှိ မြေပြင်ကို ရေစိုနေပါစေ။ ဖြစ်ပေါ်လာသမျှ လျှပ်စစ်ဓာတ်များကို မြေကြီးထဲသို့ (Earthing) ပြန်ပို့နိုင်ရန် ဖြစ်ပါသည်။

(၂)သစ်သားကြမ်းခင်းကို ရှောင်ပါ။ သစ်သား (သို့မဟုတ်) ကော်ဇောပေါ်တွင် ဆီလှယ်ခြင်း လုံးဝမပြုလုပ်ပါနှင့်။ ၎င်းတို့သည် လျှပ်စစ်စီးဆင်းမှုကို တားဆီးထားသဖြင့် အန္တရာယ်ကို မြင့်တက်စေပါသည်။

(၃)ဖိနပ်မစီးပါနှင့်၊ ဆီပြောင်းမည့်သူသည် ဖိနပ်မစီးဘဲ ရေစိုမြေကြီးပေါ်တွင် တိုက်ရိုက်ရပ်ထားသင့်ပါသည်။ သို့မှသာ ခန္ဓာကိုယ်တွင်းရှိ Static Charge များ မြေကြီးထဲ စီးဆင်းသွားမည်ဖြစ်သည်။

(၄)ဆီပိုက်ကို မြေကြီးနှင့် အရင်ထိတွေ့ပါ။ ဆီပြောင်းရာတွင် အသုံးပြုမည့် ပိုက် (သို့မဟုတ်) ကိရိယာများကို မြေပြင်နှင့် အရင်ထိတွေ့ပြီးမှ အသုံးပြုပါ။

ပူပြင်းခြောက်သွေ့သော နွေကာလများတွင် ဓာတ်ဆီလဲလှယ်ရင်း မီးလောင်ရခြင်း၏ အရင်းခံမှာ အဓိကအားဖြင့် တည်ငြိမ်လျှပ်စစ်ကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ကာကွယ်မှုအနေဖြင့် အောက်ပါအတိုင်း မပျက်မကွက်လုပ်ဆောင်ကြရန် အထူးလိုအပ်ပါသည်-

(၁)ဆီပန့်ဆိုင်များ၌ ဆီဖြည့်ဂေါက်များတွင် သံစပရင်ဝါယာ (Grounding Wire) များ ထည့်သွင်းထားရမည်။

(၂)ကားတာယာများ၌ တာယာထုတ်လုပ်ရာတွင် လျှပ်စစ်စီးဆင်းနိုင်သည့် ကာဗွန် (Carbon Black) ကို ထည့်သွင်း၍ လမ်းနှင့်ပွတ်တိုက်ရာမှ ရရှိသောလျှပ်စစ်ကို မြေကြီးထဲသို့ စွန့်ထုတ်စေရမည်။

ဤနေရာတွင် အထူးသတိပေးချက်အနေဖြင့် ထပ်မံ၍ သတိပေးလိုသည်မှာ ဓာတ်ဆီသည် နွေရာသီအပူချိန်တွင် အလွန်လျင်မြန်စွာ အငွေ့ပျံပါသည်။ အထူးသတိပြုရမည်မှာ ဆီလှယ်နေစဉ်အတွင်း ဖုန်းအသုံးပြုခြင်း၊ နိုင်လွန်အဝတ်အစားများ ဝတ်ဆင်ခြင်းတို့သည် တည်ငြိမ် လျှပ်စစ်ကို static shock အမြန်ဆုံးဖြစ်ပွားစေနိုင်သဖြင့် အထူးရှောင်ကြဉ်ကြရမည့်ကိစ္စများ ဖြစ်ပါသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော တည်ငြိမ်လျှပ်စစ်ကြောင့် မီးလောင်မှုဖြစ်စဉ်တစ်ခုကိုလည်း ဖော်ပြပေးလိုပါသည်။ ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် မတ် ၁၃ ရက် ညနေ ၄ နာရီခွဲခန့်၌ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှ သုံးမိုင်ခန့်အကွာရှိ ရပ်ကွက်ကြီး (၁၉) ငါးရံ့ချောင်း ရွှေပြည်သာယာဘုန်းကြီးကျောင်းလမ်းဘေးတွင် ရပ်ထားသော ပိုင်ရှင် ဒေါ်.... (၃၅)နှစ်၏ TOYOTA ALPHARD (အနက်ရောင်) ယာဉ်ဆီတိုင်ကီအတွင်းရှိ ၉၅ ဓာတ်ဆီကို ယာဉ်မောင်းဖြစ်သူသည် ကားမှတစ်ဆင့် ထုတ်ယူကာ ပလတ်စတစ်ပုံးအတွင်းသို့ ထည့်နေစဉ် တည်ငြိမ်လျှပ်စစ်သဘောမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ခရိုင်မီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ပြင်ဦးလွင်မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ စုစုပေါင်း တပ်ဖွဲ့ဝင် ၁၂ ဦး၊ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ထွက်ခွာငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်းနှင့် မီးပေါ့ဆသူအား ပြင်ဦးလွင်မြို့မရဲစခန်းက (ပ) ၄၇/ ၂၀၂၆၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၂၈၅ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းစာများ၌ ဖော်ပြခဲ့သည့် ဖြစ်စဉ်သည် တည်ငြိမ်လျှပ်စစ်အားပြည်သူများ အထူးသတိပြုကြရန် လိုအပ်နေပြီဖြစ်ပါ၍ ယခုဆောင်းပါးအား ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် စက်သုံးဆီလောင်စာဆီများကို မဖြစ်မနေချေတာရမည်။ သိုလှောင်ကြရမည်ဆိုပါက မီးဘေးအန္တရာယ်မရှိစေရန်အတွက် လိုက်နာရမည့်အချက်အလက်များကို သိရှိနားလည်ထားရန်နှင့်လိုက်နာကြရန် အထူးလိုအပ်ပါသည်။ နည်းစနစ်မှန်ကန်သော ကိုင်တွယ်မှုတစ်ခုသည် သင့်မိသားစုနှင့် ပတ်ဝန်းကျင်ကို မီးဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်မည်ဖြစ်ပါသည်။ ဥပဒေကြောင်းအရ ကြည့်ပါကလည်း လောင်စာဆီများကို တရားမဝင် သိုလှောင်သိမ်းဆည်းထားခြင်းသည် ပြစ်မှုမြောက်သဖြင့် အထူးသတိပြုဆင်ခြင်ကြစေလိုပါသည်။ အထူးသဖြင့် အထက်ဖော်ပြပါမကြာသေးမီက ဖြစ်ပွားခဲ့သည့် ကားထဲမှ လောင်စာဆီကို ပလတ်စတစ်ပုံးအတွင်းသို့ လှယ်ထုတ်ရာမှ ကားမီးလောင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်မှဖြစ်စဉ်သည် တည်ငြိမ်လျှပ်စစ်သဘောကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းမျိုးဖြစ်ပါ၍ အလားတူ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားနိုင်စေရန် တည်ငြိမ်လျှပ်စစ်နှင့်စပ်လျဉ်း၍ ရှောင်ကြဉ်ရမည့်အချက်များကို အထူးသတိပြုလိုက်နာပေးနိုင်ကြပါရန် သတိပေး ရေးသားတင်ပြလိုက်ရခြင်းလည်း ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် စက်သုံးဆီမှ မီးဘေးအန္တရာယ်မဖြစ်စေရန် အရေးကြီးဆုံးအနေဖြင့် သတိပေးလိုသည်မှာ အထက်ပါ အချက်အလက်များသည် အခြေခံဘေးကင်းလုံခြုံရေးအတွက် ယေဘုယျ လမ်းညွှန်ချက်များသာ ဖြစ်ပါသည်။ လက်တွေ့တွင် စက်သုံးဆီကြောင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန်မှာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၏ လမ်းညွှန်ချက်များ၊ စည်းကမ်းချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်၍ ရေးသားတင်ပြအပ်ပါသည်။

## ပြည်တွင်းထုတ် ဒီဇယ်ဆီများအား တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေး



**ပျော်ဘွယ် ဧပြီ ၂၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ ပြည်တွင်းထုတ်ဒီဇယ်ဆီများကို ပျော်ဘွယ်မြို့နယ်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခြင်းကို ဧပြီ ၂၀ ရက် ညနေ ၄ နာရီခွဲက ယင်းတော်မြို့မကျေးရွာအနီးတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ရောင်းချပေးရာတွင် ပျော်ဘွယ်မြို့နယ်အတွင်း နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးသီးနှံများ စိုက်ပျိုးရေးအတွက် မြေယာပြုပြင်ရန် ကျန်ရှိသော စိုက်ပျိုးမြေ ၂၂၁ ဧကအတွက် တစ်ဧကလျှင် စက်သုံးဆီ တစ်ဂါလန်နှုန်းဖြင့် ပြည်တွင်းထုတ် ဒီဇယ်ဆီ ၂၂၁ ဂါလန်ကို ပျော်ဘွယ်မြို့နယ်၊ ယင်းတော်မြို့မကျေးရွာအုပ်စုနှင့် အနီးဝန်းကျင် ကျေးရွာများမှ တောင်သူများအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍသုံးစက်ပစ္စည်းများတွင် အသုံးပြုရန် တောင်သူများ လက်ဝယ်အရောက် တစ်ဂါလန် ငွေကျပ် တစ်သောင်းနှုန်း၊ လက်ငင်းငွေချေစနစ်ဖြင့် တိုက်ရိုက် ဖြန့်ဖြူး ရောင်းချပေးခြင်း ဖြစ်သည်။

ထိုကဲ့သို့ ရောင်းချနေမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

*-*-*-*-*-*-*

## အသိပညာပေးဟောပြောပွဲ ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်များ ပြသ

**တာလေ ဧပြီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းများနှင့် အများပြည်သူများ အသိဉာဏ်ပညာ တိုးပွားရရှိစေရန် အသိပညာပြန့်ပွားရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပခဲ့သည်။

ရေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်သံကျွမ်းကျင်-၃ ဒေါ်ရီရီထွန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောပေးခဲ့ပြီး တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သုတ၊ ရသ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးခဲ့ကြရာ အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသားလူငယ်များက စိတ်ဝင်တစားဖြင့် လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*



ဗလငါးတန်ဖွံ့ဖြိုးဖို့

စာအုပ် စာပေ လေ့လာစို့ ။



## ကန့်ဘလူမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**ကန့်ဘလူ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့ ပူးပေါင်း၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့ နံနက် ၇ နာရီခွဲက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံး၌ အခမဲ့စမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံအုပ် ဒေါ်သန်းသန်းလတ်နှင့် ဝန်ထမ်းများက ပင်စင်လာရောက် ထုတ်ယူသူ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးပေါင်ချိန်ခြင်း၊ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ခါးနာ၊ ဒူးနာ စသည့် အခြေခံကျန်းမာရေး ရောဂါဆိုင်ရာများကို ကျန်းမာရေး စစ်ဆေးခြင်း၊ ဆေးကုသပေးခြင်း၊ ရောဂါဝေဒနာရှင်အလိုက် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်များကို စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အောင်းဝင်းငြိမ်း(ကန့်ဘလူ)**

ဖတ်စရာ၊ မှတ်စရာ

စုံလင်

### မေတ္တာသောင်ကမ်း လှမ်းပါလော့

* ချစ်ဆွေအပေါင်း ၊ သူမြတ်လောင်းတို့
ကောင်းမှုကိုသာ ၊ ကြိုးစားရာ၏
သေချာပြုလေ ၊ ကောင်းကံဝေလိမ့် ။

* ကောင်းကံအကျိုး ၊ ဆတက်တိုးရန်
ရိုးသားစိတ်ရင်း ၊ ရင်မှာခင်းလော့ ။

* မကောင်းမှုသာ ၊ ပြုကျင့်ပါက
ကောင်းလာ ဖွယ်ကျိုး ၊ မမျှော်ကိုးနှင့် ။

* မကောင်းမှုကျိုး ၊ မြေမှာ လျှိုး၍
လွတ်ရိုးအမှန် ၊ မရှိပြန်ရှင့် ။

* ပင်လယ်နက်ဖွေ ၊ တောင်တွင်းနေလည်း
လွတ်လေမရှိ ၊ ကောင်းကင်ထိပါ ။

* ငယ်က ပေါင်းသင်း ၊ ဆွေရောင်းရင်း ဗျ
ကြီးမှ ပေါင်းသင်း ၊ ရွှေရိုးရင်း ··· ငဲ့
ကောင်းခြင်း ကြောင်းထွေ ၊
ကောင်းကျိုးဝေရန်
စိတ်နေကောင်းဓာတ် ၊ သီလမြတ်နှင့်
မပြတ် စိတ်ယဉ် ၊ ပညာယှဉ်၍
အစဉ် ငြိမ်းချမ်း ၊ ကြင်နာ လမ်းဝယ်
စိတ်ဝမ်း ကြည်သာ ၊ မုဒိတာနှင့်
"နှစ်"ရာ ထောင် သန်း စွမ်းပါလော့
သစ္စာခေါင်းနန်း မြန်းပါလော့
မေတ္တာသောင်ကမ်း လှမ်းပါလော့ ။ ။

အိမ်တင်အေး(ပုလဲ)



# ရွှေဘုန်းတော်တိုးစေတီတော်ကြီး ရွှေထီးတော်တင်မင်္ဂလာ ကျင်းပ

**မန္တလေး ဧပြီ ၂၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် တောင်ပြင်ငါးစိုတိုက် ရွှေမန်းကျောင်းအတွင်းရှိ ရွှေဘုန်းတော်တိုးစေတီတော်ကြီး၏ ရွှေထီးတော်တင်မင်္ဂလာနှင့် အနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီက အဆိုပါစေတီတော်တွင် ကျင်းပသည်။



အခမ်းအနားသို့ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက စလေဆရာတော် ဘဒ္ဒန္တဝိဇယနှင့် ရွှေဘုန်းတော်တိုးဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတနှင့် ဆရာတော်သံဃာတော် ခုနစ်ပါး ကြွရောက်တော်မူပြီး စေတီတော်နှင့် ရွှေထီးတော်အလှူရှင် ဦးချစ်ကိုကို၊ ဇနီး ဒေါ်စုလှိုင်ဇော်၊ သမီး မအိမ့်ပပဝတီထွန်း မိသားစု၊ တံခွန်တိုင်အလှူရှင် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဗိုလ်မောင်မြင့် မိသားစုနှင့် ဂေါပကအဖွဲ့ဝင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(ဝဲပုံ)**

ရှေးဦးစွာ စလေဆရာတော်ကြီးအမှူးပြုသော သံဃာတော်များနှင့် အလှူရှင်များက စေတီတော်ကြီးအား ရွှေထီးတော်တင်လှူခြင်းများကို ဆောင်ရွက်တော်မူပြီး ဆရာတော်၊ သံဃာတော်များက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ရွှေဘုန်းတော်တိုးဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူခဲ့ကြပြီး ရွှေမိုးငွေမိုးရွာသွန်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ စေတီတော်ကြီးသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ကာ အလှူရှင် ဦးချစ်ကိုကို + ဒေါ်စုလှိုင်ဇော်၊ (သမီး)မအိမ့်ပပဝတီထွန်းမိသားစုတို့က ပြန်လည်ပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်ပြီး တံခွန်တိုင်အလှူရှင်မှာ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဗိုလ်မောင်မြင့်မိသားစုက လှူဒါန်းကြောင်း သိရသည်။ **(ဝ၄၁)**



# ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး ဧပြီ ၂၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကောသဝ (မွှာစရိယ၊ B.A)က ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ ဖခင် ဦးစိုးနိုင်၊ မိခင် ဒေါ်နွဲ့နွဲ့ဦးတို့အားရည်စူး၍ သား၊ သမီး မိသားစုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ဥပတ္ထမ္ဘကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်း၊ အဖွဲ့ဝင် ဦးမြင့်စိန်တို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုများက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) PNT**

# ပြည်လုံးချမ်းသာလူမျိုးစုံ တိုင်းရင်းသားမိဘမဲ့ကလေးများစောင့်ရှောက်ရေး ပရဟိတဂေဟာသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဧပြီ ၂၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း ရဲဘော်ကွက်သစ်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပြည်လုံးချမ်းသာလူမျိုးစုံ တိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်သို့ အလှူရှင် မန္တလေးမြို့နေ ကိုကျော်နိုင်ဝင်း+မမီမီဦး၊ (သား)မောင်ဝင်းမြတ်ရှိုင်းထွဋ်၏ (၂)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်သိန်း ၂၀ ကို ယမန်နေ့က လာရောက်လှူဒါန်းရာ ကျောင်းတိုက်ဦးပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုမင်္ဂလ(မွှာစရိယ၊ B.A)က လှူဒါန်းမှုအတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းတိုက်ရှိ တိုင်းရင်းသားမိဘမဲ့ကလေးငယ်များအား တစ်နေ့တာအာဟာရဒါန (နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ)ကျွေးမွေးလှူဒါန်းလိုပါကလည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး ငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ နေထိုင်ရေးအတွက် အဆောင်များ ဆောက်လုပ်လှူဒါန်းလိုပါကလည်းကောင်း အလှူရှင်များ လိုအပ်လျက်ရှိရာ ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အဆိုပါကျောင်းတိုက်အနေဖြင့် မည်သည့်ဒေသတွင်မှ အလှူခံစေလွှတ်ထားခြင်းမရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

၀-၀-၀-၀-၀

# အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**မန္တလေး ဧပြီ ၂၁**

၁၃၈၈ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ညနေ ၄ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ်၊ ၃၅လမ်း၊ ၈၆လမ်းထောင့်၊ အကွက်(၅၄၉)၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံး၌ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့ မဟာဝေယံဘုံသာကျောင်းတိုက် သံတော်ဆင့်ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမိန္ဒ အမှူးပြုသော ပင့်သံဃာတော် ငါးပါး ကြွရောက်တော်မူခဲ့ပြီး ဧည့်ပရိသတ်များက ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒထံမှ ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်း ပေးဝေခဲ့ကြသည်။

ယနေ့ကျင်းပသည့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲသို့ မဟာအောင်မြေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးမြင့်သန်း၊ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊ အတွင်းရေးမှူး ဦးစန်းမောင်နှင့် ကော်မတီဝင်များ၊ ပါတီဝင်များ တက်ရောက်ကြည်ညိုခဲ့ကြောင်း သိရသည်။

**(ဝ၄၁)**

၀-၀-၀-၀-၀

# ပြဟ္မစိုရ်လူမှုကူညီရေးအသင်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေပဒေသာပင်နှင့်မျက်စိဌာနခုံဝယ်ယူရန် ငွေလှူဒါန်း

**မန္တလေး ဧပြီ ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃ လမ်းကြားရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ကျန်းမာရေး၊ သဘာဝဘေး၊ လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စေတနာရှင်များကငွေပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်း၊ ကုသိုလ်ဖြစ်ဆေးခန်းအတွက် ခွဲစိတ်ပစ္စည်းများ၊ဆေးဝါးများလှူဒါန်းခြင်း၊ ကျောက်ကပ်သွေးသန့်စင်ခြင်းအတွက်ငွေပဒေသာပင်များ လာရောက်လှူဒါန်းလျက်ရှိသည်။ **(အောက်ပုံ)**



ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ ဧပြီ ၁၉ ရက်က မန္တလေးမြို့နေ ဒေါ်အိရွှေ၊ ဒေါ်ဆွေဆွေ(သုခရတနာငြိမ်းချမ်းရေးမိသားစု)က မျက်စိဌာန ထိုင်ခုံဝယ်ယူရန်အတွက်ငွေကျပ် ၁၉၂ သိန်းကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်၊ ၈၄လမ်းနေ ဖခင်ကြီး ဦးဘစံ+မိခင်ကြီး ဒေါ်စိန်စိန် (စိန်သိန်း သဘော်ဆေး)မိသားစုက(၁၈)ကြိမ်မြောက်ငွေပဒေသာပင်ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ အောင်မြေသာစံမြို့နယ်၊ ၈၈လမ်းနှင့် ၁၇လမ်းထောင့်နေ ဦးထွန်းသန်း+ဒေါ်မြသွင်(သကာရည်နှင့်သီးနှံပွဲရုံ) မိသားစုက ကျောက်ကပ်ဆေးလူနာများအတွက်ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း လာရောက်လှူဒါန်းရာအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာငြိမ်းငြိမ်းနှင့်အမှုဆောင်အဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ငွေနှင့် ဆေးပစ္စည်းများလှူဒါန်းလိုပါက မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ် SF001683၊ KBZ ဘဏ်ငွေစာရင်း 041304041 01481201 သို့လည်းကောင်း၊ ဖုန်း ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉-၂၅၉၃၆၀၀၂၂ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၄၅)**

# လောကတက္ကသိုလ်စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်နှင့် အလှူငွေများလှူဒါန်း

**တောင်တွင်းကြီး ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ လောကတက္ကသိုလ်စာကြည့်တိုက်သို့ စာအုပ်၊စာစောင်နှင့်အလှူငွေများလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က တောင်တွင်းကြီးမြို့ မောင်တိုင်(၂)ရပ်ကွက်ရှိ လောကတက္ကသိုလ်စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များနှင့် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**နောင်နောင်(မိဿနိုးမြေ)**



# ထွန်တုံးရွာလေး အေးချမ်းလှပါသည်

သီရိမ္ဂလာသောကမဟာရာဇာ၊ ရေတွင်းပေါင်းက ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းက ရှစ်သောင်းလေးထောင်ပါ၊ တည်တော်မူရှာ၊ စေတီပေါင်းက ရှစ်သောင်းလေးထောင်ပါ။

ကျွန်တော်တို့ရဲ့ ထွန်တုံးရွာလေးမှာလည်း သီရိမ္ဂလာသောကမင်းကြီး၏ကောင်းမှုတော်ရုပ်ပွားတစ်ဆူ ဂူလိုဏ်ဖွဲ့ပြီး ကိန်းအောင်းစံပယ်လျက် ဂူထက်ကျောက်ပြားမိုးကာ စေတီတစ်ဆူ တည်ထားကိုးကွယ်စေခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၂၈ ခုနှစ်က တည်ခဲ့ပါတယ်။ အဲ့ဒီအချိန် အိမ်ခြေက အလွန်နည်းပြီး ဘုရားပွဲ စည်စည်ကားကား မရှိခဲ့ပါ။ ပုဂံခေတ်ရောက်တဲ့အခါ အနော်ရထာမင်းကြီးက ဒုတိယအကြိမ် ပျက်စီးယိုယွင်းနေတာတွေကို ပြင်ဆင်ကုသိုလ်ပြုခဲ့ပါတယ်။ အဲ့ဒီနောက် အလောင်းစည်သူမင်းကြီး၏သားတော် မင်းရှင်စောလက်ထက်မှာ တတိယအကြိမ် ပြုပြင်မွမ်းမံပြီး ဝတ္တကမြေပါ လှူဒါန်းကိုးကွယ်ခဲ့ပါတယ်။ အဲ့ဒီနောက် အင်းဝခေတ်ရောက်တဲ့အခါ မိဖုရားကြီး ရှင်ဘို့မယ်၏ ကြင်ယာတော် သီဟသူမင်းက ပြင်ဆင်မွမ်းမံကာ စတုတ္ထအကြိမ် ကုသိုလ်ပြုကိုးကွယ်ခဲ့ပါတယ်။

သက္ကရာဇ် ၁၁၄၄ ခုနှစ် အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီးလက်ထက် ပင်းတလဲမြို့စားမိဖုရားမှ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူကာ ပဥ္စမအကြိမ်ပြုပြင် ကိုးကွယ်ခဲ့ပါတယ်။ သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် ရတနာပုံမန္တလေးမြို့တော် တည်ထောင်တော်မူသော မင်းတုန်းမင်းကြီးလက်ထက် မြောက်နန်းစံမိဖုရားကြီးက ဆဋ္ဌမအကြိမ်ပြင်ဆင်ကာ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူကိုးကွယ်ခဲ့ပါတယ်။ အဲ့ဒီနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလမှာ ရပ်မိရပ်ဖ စေတနာရှင်၊ ကုသိုလ်ရှင်များမှ သတ္တမအကြိမ် ၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်တွင် ရွှေထီးတော်အနေကဇာတင် ပူဇော်ပွဲကျင်းပခဲ့ပါတယ်။ ဘွဲ့တော်မှာ ရွှေမုဋ္ဌောစေတီတော်မြတ် ဖြစ်ပါတယ်။ တည်နေရာမှာ စေတီမြောက်ဘက် ၁၁၁ အေလမ်းနဲ့ တောင်ဘက် ၁၁၁ ဘီလမ်း၊ အရှေ့ဘက် ၅၁လမ်းနှင့် အနောက်ဘက် ၅၂ လမ်းအတွင်း တည်ရှိပါတယ်။

ထွန်တုံးရွာသမိုင်းကြောင်းလေး ပြောပြပါဦးမယ်။ မူလက ဘုရားရဲ့ဝန်းကျင်မှာ ကုန်းဂမူမြင့်မြင့် ဖြစ်နေပါတယ်။ ကုန်းဘောင်ခေတ်မင်းတုန်းမင်းကြီးလက်ထက်မှာ လူကြီးသူမ ပြောစကားအရ ရှင်ဘုရင်ကိုယ်တိုင် ထွန်တွေ၊ ထယ်တွေနဲ့ လယ်ထဲဆင်းတယ်လို့ သိရပါတယ်။ အဲ့ဒီလို လယ်ထဲဆင်းတဲ့အခါ အဆိုတော်တွေက လယ်ထွန်မင်္ဂလာသီချင်း ဆိုပေးရပါတယ်။ အဲ့ဒီ လယ်ထွန်မင်္ဂလာသီချင်းလေးကို ဖော်ပြလိုက်ပါတယ်။ စာဆိုရှင်အမည်ကိုတော့ မသိခဲ့ရပါ။

ဘုရင်မင်း လယ်ထွန်မင်္ဂလာဆင်းတဲ့အခါ ဘုရင်နဲ့အတူ အခြွေအရံများအဖွဲ့က လယ်ထွန်ဆင်းကြရပါတယ်။ လယ်ထွန်ရင်း ယာယီတဲနန်းမှာ နားတော်မူတဲ့အခါ ဤဘုရားကုန်းမြေဘေးဝန်းကျင်မှာ ထွန်တွေ၊ ထယ်တွေဖြုတ်ကာ ပုံ၍ထားသောကြောင့် ထွန်ပုံရွာလို့ခေါ်ရာမှ ကာလရွေ့လျောကြာလာသောအခါ ထွန်တုံးရွာလို့ခေါ်လာကြခြင်း ဖြစ်ပါတယ်။

"ယမထာ ရွှေကြိမ်လုံးရယ်နဲ့၊ ထွန်တုံးကိုတဲ့ ခြေတော်တင်၊ နွားကြန်စုံနှင့် ပျိုးခင်းကိုပြင်၊ ကောင်းကင်က ရွှေပိန်ညှင်းရယ်၊ မိုးခေါ်လို့ သွင်း"

ဒီကဗျာလေးနဲ့ ဆက်စပ်တဲ့ အကြောင်းလေးတွေကိုလည်း ဖော်ပြလိုက်ပါတယ်။

ယမထာဆိုတာ ကြိမ်အမျိုးအစားများထဲက အလယ်အလတ်တန်းစားကြိမ်ဖြစ်ပါတယ်။ ကြိမ်အမျိုးအစား (၁)ထဲမှာ ကြိပ်ကြီးဖြစ်ပြီး (၁)ခပေါင်းကြိမ်၊ (၂)ကြိမ်နှာမောင်း၊ (၃)ကြိမ်ဖန်၊ (၄)ဆင်ကြိမ်၊ (၅)ခါးဆူးကြိမ်၊ (၆)ဆူးပတ်လည်ကြိမ်၊ (၇)ကြိမ်မင်း၊ (၈)ဆိုင်းကြိမ် ဟူ၍ (၈)မျိုး ပါရှိပါတယ်။

အမျိုးအစား(၂)ထဲမှာတော့ (၁)ဝါးပိုးကြိမ်၊ (၂)ယမထာကြိမ်၊ (၃)တောင်ကြိမ်၊ (၄)ရေကြိမ်၊ (၅)ကြိမ်ပွ၊ (၆)ကြိမ်ဖြူ၊ (၇)လက်မဲကြိမ်၊ (၈)ရေသွန်းကြိမ်၊ (၉)ကလာကြိမ် ဟူ၍ (၉)မျိုး ရှိပါတယ်။

အမျိုးအစား (၃)မှာ (၁)ကြိမ်နီ၊ (၂)ကြက်ဥကြိမ်၊ (၃)ကြတ်ကြိမ်၊ (၄)ကြိမ်ညို၊ (၅)ကြိမ်နဲ့သာ၊ (၆)မဲတန်ကြိမ်၊ (၇)မြစိမ်းကြိမ် စသည်ဖြင့် (၇)မျိုး ပါရှိပါတယ်။ ထင်ရှားတဲ့ ကြိမ်တွေကတော့ ယမထာကြိမ်ဖြူတို့ ဖြစ်ပါတယ်။

"ထွန်တုံးကိုတဲ့ ခြေတော်တင်"တွင် ထွန်တုံး၊ ထွန်တံ၊ ထွန်သွား၊ ထယ်သွား၊ ထယ်ဆံ ဆိုကာ မာကျောခိုင်ခံ့တဲ့၊ ကုက္ကိုသား၊ ပျဉ်းကတိုးသား၊ ကျွန်းသားများနဲ့ ပြုလုပ်ရပါတယ်။ လုံးဝမစိုက်ပျိုးရသေးသော လယ်မြေယာမြေများတွင် စိုက်ပျိုးမှုပြုလုပ်လယ်စတည်မယ်ဆိုရင် ယင်းမြေကွက်ပေါ်ရှိ သစ်ပင်ခြုံပင်၊ ဆူးပင်၊ မြက်ရိုင်း၊ အပင်ရိုင်း အားလုံးရှင်းလင်းခုတ်ထွင်ရပါတယ်။ ပထမ တစ်စပ်ထွန်တဲ့အခါ သံထွန်သုံးထောင့်ပုံ ထိပ်ချွန်နဲ့ မြေတွင်းတစ်ကွင်းလုံး ထွန်ရပါတယ်။ ထွန်ပြီးလို့ ထွက်လာတဲ့ အမှိုက်၊ မြက်၊ ဆူးပင်ငယ်သစ်မြစ်ပေါင်း စသည်တို့ကို ဖယ်ရှင်းရပါတယ်။ ဒုတိယ တစ်စပ်ထွန်တဲ့အခါ ကြေညက်အောင်ထွန်ပြီး တတိယအကြိမ် ထွန်ဆံ ၅ ချောင်းပါ ထွန်ဖြင့် မြေကြီးထဲက ထွက်လာတဲ့ အမှိုက်ပေါင်းရှင်းရပြန်ပါတယ်။ တချို့တတ်နိုင်သူများကတော့ စက်ထွန်များနဲ့ ထွန်ကြပါတယ်။

အလျဉ်းသင့်လို့ ထုံးမြေအကြောင်း ပြောပြပါဦးမည်။ အကြမ်းအားဖြင့် မြေအမျိုးအစား ငါးမျိုး ရှိပါတယ်။ နုန်းသဲမြေ၊ ဆပ်ပြာသဲကြမ်းမြေ၊ ကြပ်တည်းကျောက်စရစ်မြေ၊ ဒုံးရွှံ့စေးမြေ၊ မြေဝါကျောက်စရစ်မြေ စသည်ဖြင့် နေရာဒေသအလိုက် အခေါ်အဝေါ်တွေ ရှိကြပါတယ်။ ဒီမြေတွေအပေါ် အစောက ထွန်ထယ်များနှင့် မြေကိုညက်မှုံအောင် ပြုပြင်ပြောင်းလဲပြီးတဲ့အခါ ရေသွင်းရပါတယ်။ ရေကို ၁ ရက်၊ ၂ ရက်၊ ၃ ရက် စသဖြင့် မြေကွက်ထဲ ရေအိုင်ပြီး မြေနူးနပ်၊ ရေစိမ့်မသွားအောင်ထိ ထားရပါတယ်။

အဲ့ဒီနောက် ရေထုတ်ပြီး ပျိုးကြဲရမယ့်အချိန်ရောက်ပြီ ဖြစ်ပါတယ်။ စပါးမျိုးကလည်း များစွာရှိပါတယ်။ ရွှေဝါထွန်း ၁/၂/၃၊ ရာကျော် ၁/၂/၃၊ ကောက်ကြီး၊ ကောက်လတ်၊ ရက်စောစပါး၊ ရက်တစ်ရာစပါး စသည်ဖြင့် ရှိပါတယ်။

ရက်စောစပါးစိုက်တော့မယ်ဆိုရင် တချို့က မြေပေါင်ဖြင့် ပျိုးကြတာရှိသလို တချို့ကတော့ ရိုးရိုးလက်ရမ်းကြဲပျိုးကြတာရှိပါတယ်။ မြေတစ်ဧကကို ပျိုးနှစ်တင်းကြဲရပါတယ်။ ပျိုးသက်ရက် ၂၀ ဝန်းကျင်ဆိုရင် ပျိုးနုတ်ကြပါတယ်။

**ပျိုးနုတ်ခြင်း**

ပျိုးနုတ်ရာမှာလည်း ကောက်စိုက်သမတို့၏လက်ဖြင့် လက်ဆုပ်စည်း တစ်ဆုပ်စာကို တစ်စည်းခေါ်ပြီး ခြောက်ဆုပ်ကို ပျိုးတစ်စည်းလို့ ခေါ်ပါတယ်။ ပျိုးအစည်း ၂၀ ဆိုရင် ကောက်စိုက်သမ တစ်ယောက် စိုက်ရပါတယ်။ တစ်ဧကလျှင် ၁၃ ယောက် စိုက်ကြပါတယ်။ လယ်ရှင်များက ကောက်စိုက်သမ (ဘောက်အဖွဲ့) ခေါင်းဆောင်ကိုခေါ်ပြီး အငှားစိုက်ခိုင်းတာရှိသလို တချို့ကလည်း ကောက်စိုက်သမ(ဘောက်အဖွဲ့မဝင်သူ)များကို ငှားစိုက်တာလည်း ရှိပါတယ်။

ကောက်စိုက်သမတစ်ယောက်ငှားရင် တစ်နေ့ ငွေကျပ် ၁၃၀၀၀ ပေးရပါတယ်။ ကောက်စောစပါးဆိုတော့ သီတင်းကျွတ်မှာ ကောက်စိုက်ခဲ့ရင် ပြာသို၊ တပို့တွဲမှာ စပါးမှည့်ပြီး ရိတ်သိမ်းချိန်ရောက်ပါတယ်။ ကောက်စိုက်နည်းကတော့ တချို့တန်းစိုက်စနစ်တကျရှိသလို တချို့လက်ရမ်းစိုက်လည်း ရှိပါတယ်။

**ခေါ်တုံးကျော်မနှင့်အဖွဲ့**

ကဲ…"ထွန်တုံးကိုတဲ့ ခြေတော်တင်"ဆိုတဲ့အကြောင်းလေး ပြီးသွားတော့" နွားကြန်စုံနှင့်"ဆိုတာကတော့" ခိုင်းနွား၊ နွားပြာစမ်း၊ နွားပြာဝါကြား စသည်ဖြင့် ခြေချခြေနုတ်သွက်ခြင်း၊ မခိုမကပ်ခြင်း စတဲ့ နွားများ ဖြစ်ပါတယ်။

"ပျိုးခင်းကိုပြင် ကောင်းကင်က ရွှေပိန်ညှင်းရယ်၊ မိုးခေါ်လို့ သွင်း"

ပိန်ညှင်းငှက်ဆိုသည်မှာ အမြင်စူးရှပြီး သွက်လက်သောငှက် ဖြစ်ပါတယ်။ အထက်ကောင်းကင် တော်တော်မြင့်မြင့်မှာ ပျံဝဲနေကြပြီး လယ်ထဲတွေထဲ သူတို့အစာမြင်ရင် ဝုန်းခနဲထိုးဆင်း သုတ်ချီတတ်ပါတယ်။ ပိန်ညှင်းငှက် ၄ မျိုး ရှိပါတယ်။ ပိန်ညှင်းပြာ၊ ပိန်ညှင်းစိမ်း၊ ပိန်ညှင်းဝါနှင့် ပိန်ညှင်းဖြူတို့ ဖြစ်ပါတယ်။ များသောအားဖြင့် စိမ်းစိမ်းစိုစိုလယ်ကွင်း၊ အင်းအိုင်၊ ချောင်းဝန်းကျင်မှာ နေကြပါတယ်။

သည် "ပိန်ညှင်းငှက်" ကိုပဲ ကောင်းကင်က ရွှေပိန်ညှင်းရယ်၊ မိုးခေါ်လို့သွင်းဆိုပြီး ကဗျာဖွဲ့သူက လယ်ထွန်မင်္ဂလာမိုးခေါ်သီချင်းလေးကို စပ်ဖွဲ့ပြီး ပိန်ညှင်းရွှေ၊ ပိန်ညှင်းငှက်ကို မိုးရွာစေရန် လယ်ရှင်က တာဝန်ပေးလိုက်တဲ့ ချစ်စရာလှလိုက်တဲ့ ကဗျာလေးပါပဲ။

ဒါ ကျွန်တော်တို့တောရွာ ထွန်တုံးရွာလေးနဲ့ လိုက်ဖက်၍ ထည့်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရွာလေးမှာ အခုနေခါ အိမ်ခြေလည်းများလာသလို နယ်မြေလည်းကျယ်၊ လူဦးရေ အိမ်ထောင်စုလည်း များပြားလာပြီဖြစ်ရာ မြို့ကြီးရပ်ကွက်တစ်ကွက်အဖြစ် ရပ်တည်လျက်ရှိပါတယ်။ ထွန်တုံးရွာဦး ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိပါတယ်။ အစိုးရအလယ်တန်းကျောင်း တစ်ကျောင်း ရှိပါတယ်။ ရပ်ကွက်နေ တောင်သူလယ်သမား လူအများမှာ နှစ်စဉ်တန်ခူးသင်္ကြန်ကာလတွင် ဥပုသ်သီလပွဲ ကုသိုလ်ရှင်များနဲ့ သီလခံယူခြင်း၊ ဘုရားအာရုံခံနေရာများတွင် နားနေနိုင်ခြင်း၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲပြုလုပ်ခြင်း၊ ထိုညောင်ရေသွန်းပွဲတွင် တီးဝိုင်း၊ အငြိမ့်၊ ဇာတ်သဘင်အမျိုးမျိုး ပါဝင်စေခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပွဲများကျင်းပခြင်း၊ တန်ဆောင်မုန်းလဆန်းတွင် ရပ်နီး၊ရပ်ဝေးကျောင်းများပင့်ဖိတ်၍ သပိတ်လုံးဆွမ်း၊ ဆွမ်းဟင်းများ ကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်ပြီး သပိတ်တွင် ထည့်လျက် ကပ်လှူစေခြင်း၊ စာရေးတံမဲဗလာမပါ ငါးသောင်း၊ တစ်သိန်းကပ်လှူစေခြင်းဖြင့် သံဃာအပါး ၂၀၀ ကျော် ကုသိုလ်ပြုခြင်း၊ ရပ်ကွက်ကျက်သရေဆောင် ရွှေမုဋ္ဌောဘုရားမှာ သံဃာ့ဒါနပြုခြင်း၊ ဥပုသ်သီတင်းများစောင့်ကာ နေထိုင်ကြလျက် ထွန်တုံးရွာလေး အေးချမ်းလှပါသည်လို့ ရေးသားဖော်ပြလိုက်ရပါတော့သည်။

ခင်မောင်(ငါန်းငွန်)

ကျွန်တော်တို့ရွာလေးမှာ အခုနေခါ အိမ်ခြေလည်းများလာသလို နယ်မြေလည်းကျယ်၊ လူဦးရေ အိမ်ထောင်စုလည်း များပြားလာပြီဖြစ်ရာ မြို့ကြီးရပ်ကွက်တစ် ကွက်အဖြစ် ရပ်တည်လျက်ရှိပါတယ်။ ထွန်တုံးရွာဦးဘုန်းကြီးကျောင်းတစ်ကျောင်း ရှိပါတယ်။ အစိုးရအလယ်တန်းကျောင်း တစ်ကျောင်းရှိပါတယ်။ ရပ်ကွက်နေ တောင်သူလယ်သမား လူအများမှာ နှစ်စဉ်တန်ခူးသင်္ကြန်ကာလတွင် ဥပုသ်သီလပွဲ ကုသိုလ်ရှင်များနဲ့ သီလခံယူခြင်း၊ ဘုရားအာရုံခံနေရာများတွင် နားနေနိုင်ခြင်း၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲပြုလုပ်ခြင်း၊ ထိုညောင်ရေသွန်းပွဲတွင် တီးဝိုင်း၊ အငြိမ့်၊ ဇာတ်သဘင်အမျိုးမျိုး ပါဝင်စေခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပွဲများကျင်းပခြင်း၊ တန်ဆောင်မုန်းလဆန်းတွင် ရပ်နီး၊ ရပ်ဝေး ကျောင်းများ ပင့်ဖိတ်၍ သပိတ်လုံးဆွမ်း၊ ဆွမ်းဟင်းများ ကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်ပြီး သပိတ်တွင်ထည့်လျက် ကပ်လှူစေခြင်း၊ စာရေး တံမဲဗလာမပါ ငါးသောင်း၊ တစ်သိန်းကပ်လှူစေခြင်းဖြင့် သံဃာအပါး ၂၀၀ ကျော် ကုသိုလ်ပြုခြင်း၊ ရပ်ကွက် ကျက်သရေဆောင် ရွှေမုဋ္ဌောဘုရားမှာ သံဃာ့ဒါနပြုခြင်း၊ ဥပုသ်သီတင်းများစောင့်ကာ နေထိုင်ကြလျက် ထွန်တုံးရွာလေး အေးချမ်းလှပါသည်လို့ …

# ခန္ဓာကိုယ်တွင်းက အပူတွေဖယ်ရှားပေးနိုင်တဲ့ မန်ကျည်းသီးမှည့်

မန်ကျည်းသီးမှည့်ဟာ မြန်မာ့ရိုးရာဆေးပညာအရရော၊ အိမ်တွင်း ကုထုံးတွေမှာပါ ခန္ဓာကိုယ်အတွင်းက အပူတွေကို ဖယ်ရှားပေးနိုင်တဲ့ အစွမ်းထက်သဘာဝပစ္စည်းတစ်ခု ဖြစ်ပါတယ်။ 'မန်ကျည်းသီးမှည့်'က အပူဒဏ်ကို ဘယ်လိုသက်သာစေသလဲဆိုတာနဲ့ အသုံးပြုပုံတွေကို အသေးစိတ် ရှင်းပြပေးလိုက်ပါတယ်။

မန်ကျည်းသီးမှည့်မှာ ပါဝင်တဲ့ (Tartaric Acid )နဲ့ Antioxidant တွေဟာ ခန္ဓာကိုယ်အတွင်းပိုင်းအင်္ဂါတွေမှာ အောင်းနေတဲ့ အပူတွေကို လျော့ကျစေပြီး အသည်းကို အေးမြစေကာ သွေးထဲက အပူဓာတ်ကို သန့်စင်ပေးနိုင်ပါတယ်။

နွေရာသီမှာ အပူဒဏ်ကြောင့် ရင်ပူတာ၊ ဆီးအောင့်တာ၊ ဒါမှမဟုတ် ခေါင်းကိုက်တာတွေ ဖြစ်ရင် မန်ကျည်းဖျော်ရည်က အကောင်းဆုံးပါ။ မန်ကျည်းသီးမှည့်ကို ရေစင်စင်ဆေးပြီး ရေနွေး(သို့မဟုတ်)ရေအေးထဲမှာ စိမ်ထားပါ။ထန်းလျက်(သို့မဟုတ်) ဆားအနည်းငယ်ထည့်ဖျော်ပြီး သောက်ပေးပါ။ ဝမ်းမှန်စေသလို ခန္ဓာကိုယ်ထဲက အပူအောင်းတာတွေကို ဝမ်း၊ ဆီးတို့ကတစ်ဆင့် စွန့်ထုတ်ပေးပါတယ်။



မန်ကျည်းမှည့်အသုံးပြုပြီး ခြေဖဝါး အပူစုပ်ထုတ်လို့ ရပါတယ်။ပြုလုပ်ပုံကတော့ မန်ကျည်းသီးမှည့်ကို ရေနွေးနွေးလေးနဲ့ ခပ်ပျစ်ပျစ်ဖျော်ပြီး ညအိပ်ခါနီးမှာ ခြေဖဝါးနှစ်ဖက်လုံးကို ထူထူလေး လိမ်းပေးပါ။ အပေါ်ကနေ ဖက်ကြမ်းရွက်(သို့မဟုတ်)ဂေါ်ဖီရွက် အုပ်ထားပေးနိုင်ပါတယ်။ တစ်ကိုယ်လုံးမှာရှိတဲ့ အပူရှိန်တွေကို ခြေဖဝါးကတစ်ဆင့် စုပ်ထုတ်ပေးတဲ့အတွက် မနက်နိုးတဲ့အခါ ခေါင်းကြည်လင်ပြီး မျက်စိအေးစေပါတယ်။

အပူကြောင့် အသားအရေမှာ အနီကွက်ထတာ၊ မိတ်ဖုထတာမျိုးဖြစ်ရင် မန်ကျည်းသီးမှည့်ကို ဆားအနည်းငယ်နဲ့ ဖျော်ပြီး လိမ်းပေးရင် အပူကို စုပ်ယူသွားပြီး အရောင်ကျစေပါတယ်။

မန်ကျည်းသီးမှည့်ဟာ အေးမြတဲ့ ဂုဏ်သတ္တိရှိတဲ့အပြင် အစာအိမ်နဲ့ အူလမ်းကြောင်းကိုပါ သန့်စင်ပေးလို့ နွေရာသီမှာ ဆောင်ထားသင့်တဲ့ သဘာဝဆေးစွမ်းကောင်း တစ်ခုပါပဲ။ **Daisy**

# နေလောင်ထားတဲ့အသားအရေ အမြန်ဆုံးပြန်ကောင်းလာမယ့်နည်းလမ်း

နွေရာသီရဲ့ ပြင်းထန်တဲ့ ခရမ်းလွန်ရောင်ခြည်ကြောင့် နေလောင်ပြီး နီမြန်း၊ စပ်ဖျဉ်းဖျဉ်းဖြစ်နေတဲ့ အသားအရေကို ပြန်လည်ကုသဖို့ဆိုရင် 'အအေးပေးခြင်း'နဲ့ 'အစိုဓာတ်ဖြည့်ခြင်း'က အဓိက အရေးကြီးပါတယ်။




နေလောင်ထားတဲ့အသားကို ကုသဖို့အတွက်ဆိုရင် အသားအရေကို အရင်ဆုံးအအေးပေးဖို့ လိုပါတယ်။ ရေခဲရေမဟုတ်ဘဲ သာမန်ရေအေးအေးလေးနဲ့ ရေချိုးပေးခြင်း (သို့မဟုတ်) အဝတ်စသန့်သန့်ကို ရေအေးဆွတ်ပြီး လောင်ထားတဲ့နေရာကို ၁၀ မိနစ်ခန့် အုပ်ပေးထားပါ။ နေလောင်ထားတဲ့အရေပြားဟာ အရမ်းနုနယ်နေတဲ့အတွက် ရေခဲတိုက်ရိုက်ထိရင် ဆဲလ်တွေ ပိုပျက်စီးတတ်ပါတယ်။

နေလောင်ခြင်းအတွက် အကောင်းဆုံး သဘာဝဆေးကတော့ ရှားစောင်းလက်ပပ်ပါ။ ရှားစောင်းလက်ပပ်ဂျယ်လ်(Gel)ကို ရေခဲသေတ္တာထဲ ခဏထည့်ပြီး အေးသွားမှ လောင်ထားတဲ့နေရာကို ထူထူလေးလိမ်းပေးခြင်းက အသားအရေကို အေးမြစေပြီး နီမြန်းတာနဲ့ စပ်ဖျဉ်းဖျဉ်းဖြစ်တာကို သိသိသာသာ သက်သာစေပါတယ်။

နေလောင်တဲ့အခါ အသားအရေထဲက ရေဓာတ်တွေ ခန်းခြောက်သွားတတ်တာကြောင့် အစိုဓာတ်အပြည့်အဝ ဖြည့်ပေးဖို့လိုပါတယ်။ ရှားစောင်းလက်ပပ်(သို့မဟုတ်) Soy (ပဲပိစပ်) ပါဝင်တဲ့ Moisturizer တွေကို လိမ်းပေးပါ။ Alcohol(အယ်လ်ကိုဟော)ပါဝင်တဲ့ Lotion တွေနဲ့ အဆီအရမ်းများတဲ့ (Petroleum based) ခရင်မ်တွေကို ရှောင်ပါ။ ၄င်းတို့က အပူကို အသားထဲမှာ ပိတ်လှောင်ထားသလို ဖြစ်စေပါတယ်။

အပြင်ပိုင်းက ပြုစုရုံတင်မကဘဲ ခန္ဓာကိုယ်အတွင်းထဲကပါ ရေဓာတ်ပြန်ဖြည့်ဖို့ လိုပါတယ်။ နေလောင်ထားချိန်မှာ ခန္ဓာကိုယ်က ရေဓာတ်ကို ပိုမိုလိုအပ်တာကြောင့် ရေများများသောက်ပါ။ ရေဓာတ်ပြည့်ဝမှ အသားအရေက မြန်မြန်ပြန်လည်တည်ဆောက်နိုင်မှာပါ။

နေလောင်ပြီး ရက်အနည်းငယ်ကြာရင် အသားပပ်တာ၊ အရေပြားကွာတာမျိုးဖြစ်လာလို့ အတင်းခွာလိုက်ရင် အောက်ကနုနေတဲ့ အသားအရေတွေ ပိုးဝင်တာ ဒါမှမဟုတ် အမာရွတ်ထင်တာမျိုးဖြစ်နိုင်ပါတယ်။ အလိုအလျောက် ကွာကျလာတဲ့ထိ စောင့်ပြီး အစိုဓာတ်ထိန်းခရင်မ်ပုံမှန်လိမ်းပေးခြင်းဖြင့် အသားအရေ ပိုကောင်းအောင်လုပ်နိုင်ပါတယ်။ **Daisy**

# အပူဒဏ်သက်သာစေတဲ့ အင်္ကျီ၊ လက်ရှည်နှစ်ထပ်ဝတ်ဆင်နည်း

နွေရာသီမှာ အပူဒဏ်ကနေ ကာကွယ်ဖို့ အင်္ကျီလက်ရှည်ကို နှစ်ထပ်(Layering) ဝတ်ဆင်တာဟာ ထူးဆန်းတယ်လို့ ထင်ရပေမယ့် နည်းစနစ်မှန်ရင် နေလောင်ဒဏ်ကနေ ကာကွယ်ပေးသလို ခန္ဓာကိုယ်ကိုလည်း ပိုမိုအေးမြစေနိုင်ပါတယ်။ အဓိကလျှို့ဝှက်ချက်ကတော့ လေဝင်၊ လေထွက်နဲ့ အသားချည် ရွေးချယ်မှုပါပဲ။

ဒီမှာတော့ နွေရာသီမှာ အပူသက်သာစေမယ့် လက်ရှည်နှစ်ထပ် ဘယ်လိုဝတ်ဆင်ရမလဲဆိုတာ လမ်းညွှန်ပေးလိုက်ပါတယ်။

အသားအရေနဲ့ တိုက်ရိုက်ထိတွေ့မယ့်အထဲက အင်္ကျီဟာ ချွေးစုပ်ယူမှု အားကောင်းပြီး အသားအေးဖို့ လိုပါတယ်။ ၁၀၀ ရာခိုင်နှုန်း ချည်သား (Cotton) (သို့မဟုတ်) လင်နင်(Linen)ကို ရွေးချယ်ပါ။ ကိုယ်ကျပ်အင်္ကျီထက်စာရင် အနည်းငယ်ပွပွလေးဖြစ်တာက ပိုကောင်းပါတယ်။ ချွေးထွက်ရင် အသားမှာ ကပ်မနေဘဲ လေဝင်၊လေထွက်ရစေပါတယ်။ အထဲကဝတ်မယ့်အင်္ကျီကို အရောင်ဖျော့ဖျော့ (ဥပမာ-အဖြူ၊ နုရောင်) ဝတ်တာက အပူစုပ်ယူမှုကို လျော့ချပေးပါတယ်။

အပြင်ကထပ်မယ့် လက်ရှည်ဟာ နေရောင်ခြည်ကို တိုက်ရိုက် ကာကွယ်ပေးမယ့် အလွှာဖြစ်ပါတယ်။ လီနင်သားဟာ နွေရာသီအတွက် အကောင်းဆုံးပါ။ သူက လေဝင်လေထွက် အရမ်းကောင်းပြီး အသားအေးပါတယ်။

အပြင်က အင်္ကျီကို ခပ်ပွပွ (Oversize)ရွေးချယ်တာက အလွှာနှစ်ခုကြားမှာ လေလည်ပတ်မှုကို ကောင်းမွန်စေပြီး အပူအောင်းခြင်းကို တားဆီးပေးပါတယ်။ နေပူထဲမှာ လက်ကို အပြည့်ဖုံးထားပြီး၊ အရိပ်ထဲရောက်တဲ့အခါ လက်ကို ခေါက်တင်ထားခြင်းဖြင့် အပူဒဏ်ကို ချိန်ညှိနိုင်ပါတယ်။

အရောင်ရွေးချယ်တဲ့အခါမှာလည်း အဖြူ၊ ကောင်းကင်ပြာနု၊ ခရင်မ်ရောင် စတဲ့ အရောင်ဖျော့တွေက နေရောင်ခြည်ကို ပြန်ကန်ထုတ်ပေးတဲ့အတွက် အပူဒဏ်ကို သက်သာစေပါတယ်။ အနက်ရောင်နဲ့ အရောင်ရင့်တွေက အပူကို စုပ်ယူတတ်လို့ နေပူထဲထွက်ရင် ပိုပူစေပါတယ်။

အပြင်က လက်ရှည်အင်္ကျီကို ကြယ်သီးမတပ်ဘဲ ဝတ်တာက အဆန်းပြားဆုံးနဲ့ အအေးဆုံး ဖြစ်စေမယ့် နည်းလမ်းပါ။ လမ်းလျှောက်တဲ့အခါ လေတိုက်ရင် အင်္ကျီထဲကို လေဝင်၊ လေထွက်ရစေပါတယ်။အင်္ကျီနှစ်ထပ်မဝတ်ချင်ရင် ပါးလွှာတဲ့ UV cut လေကာအင်္ကျီ(Wind breaker)တွေကို အပြင်က ထပ်ဝတ်နိုင်ပါတယ်။

လက်ရှည်နှစ်ထပ်ဝတ်ဆင်ခြင်းက နေရောင်ခြည်နဲ့ အသားအရေ တိုက်ရိုက်မထိတွေ့တဲ့အတွက် ခရမ်းလွန်ရောင်ခြည်ဒဏ်ကနေ ကာကွယ်ပေးပါတယ်။ ချွေးထွက်တဲ့အခါ အင်္ကျီအလွှာတွေက ချွေးကို အမြန်ခြောက်စေပြီး ခန္ဓာကိုယ်ကို အေးမြစေပါတယ်။ **Daisy**

# သကြၤန်မှာ ပျက်စီးသွားတဲ့ဆံသားကို ပြန်ကောင်းလာအောင်ပြုစုနည်း

သင်္ကြန်မှာ ရေပက်ခံထွက်တဲ့အခါ ရေထဲမှာပါတဲ့ ကလိုရင်း(Chlorine)၊ ထုံးဓာတ်နဲ့ ဖုန်မှုန့်တွေကြောင့် ဆံသားဟာ ခြောက်သွေ့ပြီး အမျှင်တန်းတာ၊ ဖွာတာနဲ့ ကျွတ်တာမျိုးတွေ ဖြစ်တတ်ပါတယ်။ ဒီလိုပျက်စီးသွားတဲ့ ဆံသားကို နဂိုအတိုင်း ပြန်လည်စိုပြည်လာအောင် အိမ်မှာတင် အလွယ်တကူ လုပ်နိုင်တဲ့ နည်းလမ်းကောင်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

**၁။ အဆိပ်အတောက်များကို အရင်ဖယ်ရှားပါ။**

သင်္ကြန်ရေထဲမှာပါတဲ့ ဓာတုပစ္စည်းတွေဟာ ဆံသားနဲ့ ဦးရေပြားမှာ ကပ်ငြိကျန်ရစ်နေတတ်ပါတယ်။ ဦးရေပြားကို ခပ်ဖွဖွလေးနှိပ်ပြီး ခေါင်းလျှော်ရည် အပျော့စားနဲ့ လျှော်ချပါ။ ရေတစ်ခွက်ထဲမှာ ပန်းသီးရှာလကာရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းရောပြီး ခေါင်းလျှော်ပြီးချိန်မှာ နောက်ဆုံးဆေးရေအဖြစ် အသုံးပြုပါ။ ဒါက ဦးရေပြားမှာကျန်ခဲ့တဲ့ ပိုးမွှားနဲ့ ဓာတုပစ္စည်းတွေကို သန့်စင်ပေးပါတယ်။

**၂။ ဆုံးရှုံးသွားတဲ့ အစိုဓာတ်ကို ပြန်ဖြည့်ပါ။**

နေရောင်နဲ့ ရေကြောင့် ဆံသားထဲက သဘာဝအဆီဓာတ်တွေ ခန်းခြောက်သွားတဲ့အတွက် Hair Mask အသုံးပြုဖို့ လိုအပ်ပါတယ်။ ကြက်ဥအနှစ်တစ်လုံး၊ ပျားရည်တစ်ဇွန်းနဲ့ အုန်းဆီနှစ်ဇွန်းကို ရောစပ်ပြီး ဆံသားအနှံ့ လိမ်းပေးပါ။ မိနစ် ၃၀ ခန့်ထားပြီးမှ ရေအေးအေးနဲ့ ပြန်ဆေးချပါ။ ဒါက ဆံသားကို ချက်ချင်းနူးညံ့သွားစေမှာပါ။



**၃။ ဆံသားကို အပူဒဏ်မှ ခဏနားပေးပါ။**

သင်္ကြန်အပြီး ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ ဆံသားဟာ အရမ်းအားနည်းနေပါတယ်။ ဆံပင်အခြောက်ခံစက် ဒါမှမဟုတ် ဆံပင်ဖြောင့်စက်တွေက ထွက်တဲ့အပူဟာ ပျက်စီးနေတဲ့ ဆံသားကို ပိုမိုဆိုးရွားစေပါတယ်။ ဆံပင်ကို သဘာဝလေနဲ့ပဲ အခြောက်ခံပါ။ ဆံသားကျန်းမာရေး ပြန်မကောင်းမချင်း ဆံပင်အရောင်ချွတ်တာ၊ ဆေးဆိုးတာတွေကို ခဏနားထားပေးပါ။

**၄။ ဆံသားအားဖြည့်ဆီ (Serum/Leave-in Conditioner) အသုံးပြုပါ။**

ဆံပင်မကြာခဏ ရှုပ်ထွေးတာကို ကာကွယ်ဖို့နဲ့ အစိုဓာတ်ထိန်းထားနိုင်ဖို့ Hair Serum တစ်မျိုးမျိုးကို သုံးပေးပါ။ ဆံပင်ရေစိုတစ်ဝက် အခြောက်တစ်ဝက် အခြေအနေမှာ Serum ကို ဆံပင်အဖျားပိုင်းတွေကို အဓိကထား လိမ်းပေးပါ။ ဆံသားနှစ်ခွဖြစ်ခြင်းကို ကာကွယ်ပေးပါလိမ့်မယ်။

**၅။ ထိပ်ဖျားလေးတွေ တိပေးပါ။**

အကယ်၍ ဆံပင်အဖျားတွေက အရမ်းခြောက်ပြီး တံမြက်စည်းဖတ်လို ဖြစ်နေပြီဆိုရင်တော့ အဖျားလေးတွေကို နည်းနည်းစီ တိပေးလိုက်တာက အကောင်းဆုံးပါ။ ဒါက ဆံပင်ကို အသစ်ပြန်ဖြစ်လာသလို ခံစားရစေပြီး ပျက်စီးမှုအထက်ကို ပျံ့မလာအောင် တားဆီးပေးပါတယ်။

ဆံသားပြန်လည် ကောင်းမွန်လာဖို့ အချိန်နှစ်ပတ်ကနေ တစ်လလောက်အထိ စိတ်ရှည်ရှည်နဲ့ ဂရုစိုက်ပေးဖို့ လိုအပ်ပါတယ်။ ရေများများသောက်ပြီး ဗီတာမင် B ပါဝင်တဲ့ အစားအစာ (ဥပမာ-ကြက်ဥ၊ ပဲအမျိုးမျိုး)တွေကို စားပေးတာကလည်း အတွင်းပိုင်းကနေ ဆံပင်သန်စွမ်းမှုကို အားပေးပါတယ်။ **Daisy**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၃)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ဦးဇေယျာမျိုးမင်း(ဘ)ဦးအုန်းမောင်(၁၂/စခန(နိုင်)၀၅၆၂၀၂)နှင့် ၂။ဒေါ်နန်းအေးချမ်းခင်(ဘ)ဦးစိုင်းအိုက်ပန်(၁၃/မဆတ(နိုင်)၀၃၁၃၃၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၆)၊ ဦးပိုင်နံပါတ်(၇၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နှင်းနွယ်စိုး(ဘ)ဦးစိန်လှိုင်(၅/ခဥတ(နိုင်)၀၅၆၇၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**; **ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသဇင်အောင် (LL.M) | ဦးဖြိုးသာခန့် (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမို့မို့ထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းမှ အောက်ဖော်ပြပါ ပွဲကျအခင်းပိုင်းရှင် (၂၀)ဦးမှ ပွဲကျအခင်းပိုင်းအမည်ပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍(၁၄)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းအပြည့်အစုံနှင့်တကွ အခွန်ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ပွဲကျအခင်းပိုင်းအမည်ပြောင်းခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ပြောင်းလဲမည့်အမည် | မူလပိုင်ရှင်အမည် | အဆောင်/အခန်း |
|---|---|---|---|
| ၁။ | ဦးအေးမင်းကျော် | ဦးဇော် | လုံးခင်း(B-၂) |
| ၂။ | ဦးအေးမင်းကျော် | ဒေါ်အုန်းတင် | လုံးခင်း(B-၃) |
| ၃။ | ဒေါ်ဘီလျံဝင့်ဝင့်ကျော် | ဦးစန်းလွင် | လုံးခင်း(F-၂) |
| ၄။ | ဒေါ်စန်းစန်းနွယ် | ဦးမောင်လွင် | လုံးခင်း(F-၃) |
| ၅။ | ဦးသန်းစိုး | ဦးအောင်ကျော်ဇော | တာမခံ(A-၂) |
| ၆။ | ဦးသန်းစိုး | ဦးကျော်မျိုးထွန်း | တာမခံ(A-၃) |
| ၇။ | ဦးဥဒယ်ကျွန်း | ဒေါ်အေးဝင်း | တာမခံ(B-၂၄) |
| ၈။ | ဦးလာလူး | ဦးမြဝင်း | တာမခံ(C-၁၂) |
| ၉။ | ဦးရာဂျေစ် | ဒေါ်မြလွင် | တာမခံ(C-၁၃) |
| ၁၀။ | ဦးဇော်မြင့် | ဒေါ်ထက်ထက်အောင် | တာမခံ(C-၁၄) |
| ၁၁။ | ဦးပရ်ကားစ်ကျွန်း | ဦးကျော်အောင် | တာမခံ(C-၂၀) |
| ၁၂။ | ဦးပရ်ကားစ်ကျွန်း | ဦးကျော်စိုးအောင် | တာမခံ(C-၂၁) |
| ၁၃။ | ဦးသိန်းမြင့်(ခ)ရိုစီတပူရ် | ဒေါ်ကြည်မြင့် | တာမခံ(C-၃၈) |
| ၁၄။ | ဦးလမင်းအောင်(ခ)ရိုဆန်း | ဒေါ်ကြည်မြင့် | တာမခံ(C-၃၉) |
| ၁၅။ | ဦးသန်းစိုး | ဒေါ်တခိုင်လုံးရွှေ | ဖားကန့်(A-၁၁) |
| ၁၆။ | ဦးသန်းစိုး | ဒေါ်သက်မေ | ဖားကန့်(B-၅) |
| ၁၇။ | ဦးအောင်ထက်လင်း | ဒေါ်မြတ်နိုးဝင်း | ဖားကန့်(B-၉) |
| ၁၈။ | ဒေါ်သဲစုမွန် | ဒေါ်ညွန့်ရီ | ဖားကန့်(B-၂၉) |
| ၁၉။ | ဒေါ်မာမာလွင် | ဒေါ်မေဇင်စိုး | ဖားကန့်(D-၄) |
| ၂၀။ | ဦးအောင်ထက်လင်း | ဒေါ်ခိုင်ဇာမြင့် | ဖားကန့်(E-၁၃) |

**အခွန်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(မ-၃၁)၊ ဦးပိုင်အမှတ်(၁၂-က)၊ မြေကွက်ပေါ်တွင် ဦးဆွေယိုအာလာမ်(ခ)မောင်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၇၂၃၃၇)က SS (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(၈)၊ ဦးပိုင်အမှတ်(၇၀-ခ)၊ မြေကွက်ပေါ်တွင် ဦးဟိန်းလင်းဇော်(ပါ-၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၉၃၆၂၁)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးမျိုးမင်းသန့်(၉/မတရ(နိုင်)၁၉၂၅၁၇)နှင့် ဒေါ်မေပုလဲ(၉/ပကခ(နိုင်)၀၃၀၈၆၂)တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၂၅-၂-၂၀၂၆)ရက်တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေများရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဦးမျိုးမင်းသန့်နှင့် ဒေါ်မေပုလဲတို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေပုလဲ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြတ်ကလျာမောင် (LL.B) (စဉ်-၁၆၅၃၆/၂၀)**
**တရားလွှတ်တော်ရှေ့နေ**
**၅၅လမ်းနှင့်၅၆လမ်းကြား၊ ၂၂လမ်းနှင့်၂၃လမ်းကြား၊ မဟာဇေယျာဘုံ၊ သရက်ကုန်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ (၈-၁-၂၀၂၀)**
**ဖုန်း ၀၉-၉၇၅၈၈၈၇၀၈**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်(၃၄၈)၊ ဦးပိုင်အမှတ်(၁၃-ဃ+၁၃-င)၊ မြေကွက်ပေါ်တွင် ဒေါ်ပို့ပို့သိန်း(ခ)ပိုပိုသိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဗမန(နိုင်)၀၄၁၆၂၅)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်(န-၃)၊ဦးပိုင်အမှတ်(၇၂)၊မြေကွက်ပေါ်တွင် ဒေါ်ချယ်ရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၈၁၉၆၂)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ဝမ်းသာကုန်းကျေးရွာအုပ်စု၊ ဒေါင်းဦးကျေးရွာ၊ ဦးသိန်းဝင်းနှင့် ဒေါ်တင်ခိုင်တို့၏ သားဖြစ်သူ မောင်အောင်မျိုးချစ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/တတဥ(နိုင်)၁၆၉၉၇၀)ကိုင်ဆောင်သူသည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေသူဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှစ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်အောင်မျိုးချစ်နှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ)မိဘမောင်နှမများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးသိန်းဝင်း ၉/တတဥ(နိုင်)၀၁၄၉၇၄** **ဒေါ်တင်ခိုင် ၉/တတဥ(နိုင်)၀၈၇၅၅၂**
**ဒေါင်းဦးကျေးရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

## အများပြင်ဆင်ချက်

၉-၄-၂၀၂၆ ရက်တွင် ထုတ်ဝေခဲ့သည့် မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ ၁၈ ၌ အများသိရှိစေရန် ကြေညာခြင်းခေါင်းစဉ်ပါ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရဲဘော်စိုက်ကွင်း(အနောက်)ရပ်ကွက်နေ ဦးသော်ဇင်ထွန်း(ဘ)ဦးမြင့်ထွန်း၏ မှတ်ပုံတင်နံပါတ်အား (၉/ပသက(နိုင်)၀၃၁၂၀၃)ဟု မှားယွင်းဖော်ပြခဲ့ခြင်းအား (၉/ပကခ(နိုင်)၀၃၁၂၀၃)ဟု ပြင်ဆင်ဖတ်ရှုနိုင်ရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးနေနွယ်ထွန်း(စဉ်-၁၃၇၁၂) တရားလွှတ်တော်ရှေ့နေ**
**အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၄၂၇၇၆၀၊ ၀၉-၇၈၆၄၆၇၉၁၉**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၃၉)၊ ဦးပိုင်အမှတ်(၂)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းနွယ်စိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မမန(နိုင်)၀၂၆၀၁၁)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ အ·လ·က (၁၀) Grade-9 တွင် ပညာသင်ကြားခဲ့သော မတင်မမခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်မင်းနိုင်ဖြစ်ပါကြောင်း။

**ဦးကျော်မင်းနိုင်**
**၉/မရမ(နိုင်)၀၈၆၁၅၈**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၀-၃-၂၀၂၆)ရက် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၂၀)ကြော်ငြာစာ (အိမ်ဆောက်မိန့်)ဦးထွန်းတင်(ပါ-၂)၊ အောင်နန်းရိပ်သာရပ်ကွက်အစား အောင်နန်းရိပ်သာအရှေ့ရပ်ကွက် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ ကွန်ပျူတာဌာနခွဲမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း Production Printer နှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း၊ Control Room CCTV များအတွက် Storage Server ဝယ်ယူခြင်း၊ ကွန်ရက်လုံခြုံရေးစနစ်များအတွက် လိုအပ်သော အရံပစ္စည်းများဝယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ ကွန်ပျူတာဌာနခွဲ၌ အောက်ပါအတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(က) လျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - ၂၃-၄-၂၀၂၆**

**(ခ) လျှောက်လွှာနောက်ဆုံးအပ်နှံရမည့်နေ့ရက် - ၈-၅-၂၀၂၆**

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ကွန်ပျူတာဌာနခွဲ ဖုန်း ၀၉-၄၄၄၀၂၂၅၁၀၊ ၀၉-၉၅၉၇၀၈၃၉၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉)၊ ဦးပိုင်အမှတ်(၈၈/၁၀၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်လင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးကျော်လင်း(ဘ)ဦးမျိုးဆွေ(၁၂/လသန(နိုင်)၀၀၅၉၁၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၁၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၅၃)၊ ဦးပိုင်အမှတ်(၅+၆)၊ မြေဧရိယာ(၂ ဒသမ ၀၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များမှာ ဒေါ်စိန်ရီ(ဘ)ဦးရီလောက် (၉/မရမ(နိုင်)၀၅၈၄၃၀) အမည်ပေါက် ဂရန်မြေကွက်များဖြစ်သည်မှာ မှန်ပါသည်။

အထက်ပါ မြေကွက်များ၏ မြေဖိုး၊ လမ်းဖိုး၊ မြေချထားမိန့်၊ ဂရန်နှင့် စာရွက်စာတမ်းမူရင်းများ အားလုံးတို့မှာ ကျွန်မ ဒေါ်စိန်ရီ(ခ)ဆိုင်ပုံ၏ လက်ဝယ်တွင် အထားအသိုမှားယွင်း၍ ရှာဖွေမတွေ့ရှိဘဲ ပျောက်ဆုံးသွားခဲ့ပါသည်။

အဆိုပါ မြေကွက်များကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက မြေဖိုး၊ လမ်းဖိုး၊ မြေချထားမိန့်၊ ဂရန်နှင့် စာရွက်စာတမ်းမူရင်းများ အားလုံးတို့ကို သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် မူရင်းခွဲလျှောက်ထားသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိန်ရီ(ခ)ဆိုင်ပုံ(ဘ)ဦးရီလောက်**
**(၉/မရမ(နိုင်)၀၅၈၄၃၀)**
**အကွက်အမှတ်(H-၂၅၃)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၀၄၆၁၀၊ ၀၉-၂၀၃၀၁၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကံသာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်(၃၀-ခ/၁)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းမာလာခင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တိကျစွာပိုင်းခြားထားသော အရှေ့ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်လက်နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်၊ နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် တရားဝင်ဝယ်ယူလက်ရှိထား အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ခင်မို့မို့ဝင်း(ဘ)ဦးသန်းဝင်း(၉/ပသက(နိုင်)၁၁၂၇၂၇)နှင့် ဒေါ်လွင်မို့မို့ဝင်း(ဘ)ဦးသန်းဝင်း(၉/ပသက(နိုင်)၁၁၂၇၂၈)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်လင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ-၂/၄၀)၊ ၆၆-အေလမ်း၊ လမ်း၄၀နှင့် ၄၀-ဘီလမ်းကြား၊ မဟာမြိုင်-၁ ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၀၇၅၊ ၀၉-၇၇၇၇၇၆၂၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်(ညည-၁၀)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်ရှိ ဦးလှဝင်း အမည်ပေါက်ဂရန်မြေ၏ မြောက်ဘက်ခြမ်း ပေ(၂၀×၄၀)အကျယ်ရှိ မြေနှင့်ယင်းမြေပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲ အဆောက်အအုံ၊ မီးမီတာ၊ ရေတွင်း၊ ရေမော်တာ(၁)လုံး၊ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဇော်ထွန်း(ဘ)ဦးမြတ်မင်း(၉/ခမစ(နိုင်)၀၂၇၇၃၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမြင့်(LL.B) ဒေါ်အေးနန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**အကွက်(၂၂၅)၊ ဖိုးကုန်းရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၇၁၅၅၈၉၁၊ ၀၉-၉၇၁၇၈၂၀၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၉)၊ ဦးပိုင်အမှတ်(၁၁-က)၊ မြေဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးဝင်းတင် အမည်ဖြင့် မြေကွက်နေရာပြလက်မှတ်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးနိုင်လင်း(ဘ)ဦးစိန်မြင့်(၇/ဖမန(နိုင်)၀၉၅၂၇၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B) ဒေါ်မှုုးမှုုးမြတ်သွယ် (LL.B) ဒေါ်ပွင့်ဖြူကျော် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃ /၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၆)၊ ဦးပိုင်အမှတ်(၆၀)၊ မြေကွက်ပေါ်တွင် ဒေါ်ပွဲ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဘန(နိုင်)၀၀၂၅၆၈)က RC-၂ ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့် ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၇)၊ ဦးပိုင်အမှတ်(၂၇)၊ မြေကွက်ပေါ်တွင် ဦးကျော်သူဌေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ရမသ(နိုင်)၀၈၆၇၇၆)က RC-၂ ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၉၄)၊ မြေကွက်ပေါ်တွင် ဦးခင်မောင်ရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၀၀၇၀၇၈)က SS-၃ ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၈)၊ ဦးပိုင်အမှတ်(၅၉)၊ မြေကွက်ပေါ်တွင် ဒေါ်မူမူဌေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ခတန(နိုင်)၀၁၁၆၇၇)က SS-၂ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၄)၊ ဦးပိုင်အမှတ်(၆၂-က+၆၅-က)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းနွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မရန(နိုင်)၀၂၉၄၂၂)က RC-၃ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-ခ)၊ ဦးပိုင်အမှတ်(၁၅၉-ခ)၊ မြေကွက်ပေါ်တွင် ဦးထွန်းထွန်းလတ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လလန(နိုင်)၀၇၄၂၄၁)က SS-၂ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်(၈၂၆)၊ ဦးပိုင်အမှတ်(၃-ဃ)၊ မြေကွက်ပေါ်တွင် ဦးကျော်စိုး ဦး(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/တတဥ(နိုင်)၀၇၇၂၉၉)က SS-၂ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၁

| | | |
|---|---|---|
| မြင်းမူ | ၄၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၃ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၁ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာဖိတ်ခေါ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ

ကြေညာချက်အမှတ် ၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပါသည်။

၂။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန် အောက်ပါအတိုင်း လေးနက်စွာ ဖိတ်ခေါ်အပ်ပါသည်-

(က) NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ NCA ပါ သဘောတူညီချက်များကို ပြီးစီးအောင်မြင်သည်အထိ အတူတကွ ပူးတွဲအကောင်အထည်ဖော်နိုင်ရေး တွေ့ဆုံဆွေးနွေးရန်။

စာမျက်နှာ ၅ သို့ ❐



# ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင် အမှတ်(၅)အဆန် / အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား တိုက်ရိုက်စတင်ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား မေ ၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၉ သို့ ○

## ၂၀၂၆ခုနှစ် Ballon d'Or ဆု ဆွတ်ခူးရန် ဟယ်ရီကိန်း ရေပန်းစား

**မြူးနစ် ဧပြီ ၂၁**

၂၀၂၆ခုနှစ် Ballon d'Or ဆု ဆွတ်ခူးနိုင်ရန် အင်္ဂလန်လက်ရွေးစင်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းက ရေပန်းစားလျက်ရှိသည်။



အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် ဘိုင်ယန် မြူးနစ်အသင်းနှင့် အတူ ဘွန်ဒက်လီဂါ ချန်ပီယံဆု ရယူထားနိုင်ခဲ့သလို၊ ချန်ပီယံလိဂ်နှင့် ဂျာမန်ဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိအောင်စွမ်းဆောင်ထားနိုင်ခဲ့ပြီး ဖလားသုံးလုံးမျှော်လင့်ချက်ရှိနေခြင်းကြောင့် ယခုဆုအား ဆွတ်ခူးရန် ရေပန်းစားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး ၅၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဟယ်ရီကိန်းအနေဖြင့် လက်ရှိရေပန်းစားနေသည့်အတိုင်း Ballon d'Or ဆုအား ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

၀-၀-၀-၀-၀

## ဘီလ်ဘာအိုအသင်းက အိုဆာဆူနာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဧပြီ ၂၁**

စပိန်လာလီဂါ ပွဲစဉ် (၃၃) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီခွဲက ဘီလ်ဘာအိုအသင်းနှင့် အိုဆာဆူနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘီလ်ဘာအိုအသင်းက အိုဆာဆူနာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘီလ်ဘာအိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၁၆မိနစ်တွင် ဂေါ်ကာက သွင်းယူပေးခဲ့သည်။

စပိန်လာလီဂါ ပွဲစဉ် (၃၃) ယှဉ်ပြိုင်ကစားအပြီးတွင် ဘီလ်ဘာအိုအသင်းက ရမှတ် ၄၁မှတ်ဖြင့် အဆင့် (၉)နေရာ၊ အိုဆာဆူနာအသင်းက ရမှတ် ၃၉မှတ်ဖြင့် အဆင့် (၁၀)နေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိသည်။

**နိုင်ကမ္ဘာ**

